MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 1, No, 1, May 2022

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေး အလံအပ်နှင်းခြင်းအခမ်းအနား




◆ **နေပြည်တော်၊ ဧပြီလ(၂၉)ရက်နေ့။**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့် မြန်မာ အားကစားအဖွဲ့များအား အောင်နိုင်ရေး အလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် (၉)နာရီ အချိန်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

စာမျက်နှာ(၂)သို့



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်အား (၃၁)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များက မိတ်ဆက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရန် (၁၄)ရက်သာလိုတော့သည့်အတွက် အားကစားသမား မောင်မယ်အားလုံးသည် နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစား စွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှုစသည့်အချက်များ ပြည့်ပြည့်ဝဝခိုင်ခိုင်မာမာဖြင့် ပြိုင်ပွဲဝင်ရန်အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း၊ အားကစားအဖွဲ့များကအဆိုပြုသည့်အတိုင်း သတ်မှတ်စံချိန်များတွင် ကိုက်ညီသည့် အားကစားသမားများ၊ အစဉ်အလာရှိသည့် အားကစားသမားများကိုဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါကြောင်း၊ သွားလာရေးကအစ အဆင်ပြေအောင်လည်း ဆောင်ရွက်ပေးထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများအားလုံးက အားကစားမောင်မယ်တို့၏ ဖွံ့ သတ္တိအပြည့်နှင့် ပွဲမဝင်ခင် အပြင်ကကျင်းပ ဆိုသကဲ့သို့ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်





ဆင်နေမှုများကိုလည်း ကြားသိမြင်တွေ့ ခံစားခဲ့ရပြီးဖြစ်သည့်အတွက် မိမိတို့၏ အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး၊ တက်ညီလက်ညီနှင့် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင် ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲ မှတ်တမ်းတင်နိုင်မည်ဖြစ်ပါကြောင်း၊ အမိနိုင်ငံ၏ အလံတော်လွှင့်ထူ ဂုဏ်ပြုခံခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်သဖြင့် အားသွန်ခွန်စိုက် ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြိုင်ပွဲတွင်အောင်နိုင်ရေးအတွက် ယှဉ်ပြိုင်ခြင်းသည် ပြိုင်ပွဲများအတွက် နောက်ဆုံး အဆင့်ဖြစ်သည်ကို သတိပြုစေလိုကြောင်း၊

အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်းအနိုင်





ရရှိရေးကို အမျိုးသားရေးတာဝန် တစ်ခုအဖြစ် မြန်မာအားကစား အဖွဲ့ဝင်အားလုံး၏ ပုခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် အဖက်ဖက်တွင် ရင်ဘောင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း အသက် (၆၀) ပြည့်မြောက်သည့်အချိန်မှ စပြီး သက်ရှိထင်ရှားရှိသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိသကဲ့သို့ ၂၀၂၂ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား (၁၂)ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်(၅)ခုနှင့် အထက်ရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနက်မှ (၂၇)ဦးကို လူမှုထူးချွန်ပထမအဆင့် ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ခွင့်ပြုသွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင်လည်း နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးကြမည့် အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိလာမည်ဖြစ်ကြောင်း၊

ထို့အပြင် ယခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ၏ ကိုယ်စားသွားရောက်ယှဉ်ပြိုင်မည့် အားကစားမောင်မယ်တို့ကိုလည်း ကြိုးစားမှုရလဒ်များအပေါ်မူတည်ပြီး နိုင်ငံတော်အနေဖြင့် ဆုရအားကစားသမားများအတွက် ရွှေတစ်ဦးချင်း ငွေကျပ်သိန်း(၃၀၀)၊ ငွေတစ်ဦးချင်း ငွေကျပ်သိန်း (၂၀၀)၊ ကြေးတစ်ဦးချင်း ငွေကျပ်သိန်း(၁၀၀)၊ ရွှေအသင်းလိုက်တစ်ဦးချင်း ငွေကျပ်သိန်း(၁၀၀)၊ ငွေအသင်းလိုက်တစ်ဦးချင်း ငွေကျပ်သိန်း (၇၀)၊ ကြေးအသင်းလိုက်တစ်ဦးချင်း ငွေကျပ် (၃၅) သိန်း၊ နည်းပြများအတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း(၁၀၀)၊







ငွေတံဆိပ်ဆုရ အားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း (၅၀)၊ ကြေးတံဆိပ်ဆုရ အားကစားနည်းမှ နည်းပြ တစ်ဦးလျှင် ငွေကျပ်သိန်း(၃၀)၊ အုပ်ချုပ်မှုအဖွဲ့များအတွက် ရွှေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှု အဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း(၅၀)၊ ကြေးတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့ လျှင် ငွေကျပ်သိန်း (၃၀)တို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊

ထို့ကြောင့်(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို အပ်နှင်းလိုက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အလံတော် ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အောင်လံ တလူလူလွှင့်ပျံနေစေရေး၊ ရေကုန်ရေခမ်း အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း၊ ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးတာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်သည့်အတွက် မြန်မာ့အားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက် ယှဉ်ပြိုင်နိုင်ရေး အတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသည့် အဖွဲ့ချုပ်များ အပါအဝင်အားလုံးကို နိုင်ငံတော် ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊

မြန်မာ အားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခမ်း ကြိုးပမ်းယှဉ်ပြိုင် သွားကြစေလိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံ နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်သော စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ အားကစားနှင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသူရဲကောင်း မောင်၊ မယ်တို့အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အောင်လံ လွှင့်ပျံနေစေရေး စွမ်းဆောင် သွားကြရမည်ဖြစ်ကြောင်း အလေးအနက် တိုက်တွန်းမှာကြားသည်။















# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ကြမည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း လိုက်လံပို့ဆောင်နှုတ်ဆက်





◆ ရန်ကုန်၊ မေလ (၁၀) ရက်။

၂၀၂၂ ခုနှစ်၊ မေလ (၁၂) ရက်နေ့မှ (၂၃)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်မည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံ ပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ခေါင်းဆောင်သည့် မြန်မာအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ ပြိုင်ပွဲစတင်သည်မှ ပြိုင်ပွဲပြီးဆုံးသည်အထိ စိတ်ဓာတ်မြင့်မားစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအား နည်းပြအုပ်ချုပ်သူများ၏ ကွပ်ကဲမှုအောက်တွင်












စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရန်နှင့် ကျန်းမာရေးအသိရှိရန်ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းကလည်း ပြိုင်ပွဲဝင်အားကစားသမားများအား နိုင်ငံ့ဂုဏ်ဆောင်၍ နိုင်ငံတော်အလံကိုလွှင့်တင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားသွားကြပြီး နိုင်ငံကြီးသားပီသစွာ စည်းကမ်းတကျသွားလာနေထိုင်ရန် ရင်းရင်းနှီးနှီးနှုတ်ဆက်အမှာစကား ပြောကြားခဲ့ပါသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ မြန်မာ အားကစားအဖွဲ့သည် စင်းလုံးငှားလေယာဉ်ဖြင့် မေလ (၄)ရက်နေ့တွင် ပထမအသုတ်အနေဖြင့်လည်းကောင်း၊ ယနေ့ နံနက် (၁၁)နာရီခွဲအချိန်၌ ဒုတိယအသုတ်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အားကစားအုပ်ချုပ်မှုအဖွဲ့ဝင် (၃၅)ဦး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း (၁၆)ဦး၊ မြန်မာ့လက်ရွေးစင် ဝူရှူးအသင်းမှ အမျိုးသား(၆)ဦး၊ အမျိုးသမီး(၇)ဦး၊ E–Sports မှ အမျိုးသား အားကစားသမား(၁)ဦး၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးတို့ သွားရောက်မှာဖြစ်ပြီး (၁၁. ၅. ၂၀၂၂) ရက်နေ့တွင် တတိယအသုတ်အနေဖြင့်လည်းကောင်း ၊ (၁၃. ၅. ၂၀၂၂) ရက်နေ့တွင် စတုတ္ထအသုတ်အနေဖြင့်လည်းကောင်း၊ (၁၆. ၅. ၂၀၂၂) ရက်နေ့တွင် ပဥ္စမအသုတ်အနေဖြင့်လည်းကောင်း၊ (၂၀. ၅. ၂၀၂၂) ရက်နေ့တွင် ဆဋ္ဌမအသုတ် အနေဖြင့်လည်းကောင်း မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့သို့ တိုက်ရိုက်ခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

✦





# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ မြန်မာ-ဖိလစ်ပိုင် ဘောလုံးပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

◆ ဗီယက်နမ်၊ မေလ(၁၀)။



ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စု(က) ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် ညနေ (၃)နာရီခွဲအချိန်တွင် ဗီယက်နမ်နိုင်ငံ Viet Tri ဘောလုံးအားကစားကွင်း၌ မြန်မာU-23 အသင်းနှင့် ဖိလစ်ပိုင် U-23 အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဗီယက်နမ်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် အောင်ဇေယျနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများမှ သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဖိလစ်ပိုင်အသင်းကို ရလဒ် ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ပထမအပိုင်းတွင် မြန်မာအသင်းမှ ပြိုင်ပွဲစတင်ပြီး ၂ မိနစ်အချိန်တွင် ဝင်းနိုင်ထွန်းမှ ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီးနောက် အနိုင်ဂိုးများအား ဒုတိယ : (၅၁)မိနစ်တွင် လွင်မိုးအောင်မှ လည်းကောင်း၊ (၅၄)မိနစ်တွင် စိုးမိုးကျော်မှလည်းကောင်း အနိုင်ဂိုးများကို အသီးသီး ထပ်မံသွင်းယူခဲ့ရာ လက်ရှိတွင် မြန်မာအသင်းသည် ၂ ပွဲကစား ၂ ပွဲအနိုင်ရလဒ်ဖြင့် အုပ်စုအဆင့် ၁ နေရာ၌ ရပ်တည်လျက်ရှိပြီး မေလ ၁၃ ရက်နေ့တွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့်လည်းကောင်း အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် မေလ ၁၅ ရက်နေ့တွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။











# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ Kurash အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေး၊ မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို +၈၇ ကီလိုတန်းမှ မအေးအေးအောင် ဆွတ်ခူးရရှိ

◆ ဗီယက်နမ်၊ မေလ(၁၁)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ မေလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပလျက်ရှိသော (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ပွဲလျက်ရှိပြီး ယနေ့ မြန်မာစံတော်ချိန် နေ့လည် (၂) နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Gymnasium တွင် Kurash အားကစား +၈၇ ကီလိုတန်း ဆီမီးဖိုင်နယ် ပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်များကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာအားကစားအဖွဲ့များမှ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲတွင် Kurash အားကစား +၈၇ ကီလိုတန်း အားကစားသမား မအေးအေးအောင်သည် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။ ပွဲဦးထွက် အကြိုဗိုလ်ပွဲတွင် မအေးအေးအောင်သည် ပြိုင်ဘက်အသင်းဖြစ်သော ထိုင်း အားကစားသမားကိုလည်းကောင်း ဆီးမီးဖိုင်နယ်တွင် ဗီယက်နမ် အားကစားသမားကို လည်းကောင်း အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပါသည်။

ထို့နောက် ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မအေးအေးအောင်မှ ဖိလစ်ပိုင်အားကစားသမား TA-NGCONTIAN SYDNEY SY ကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံမှ ငွေတံဆိပ်နှင့် အိမ်ရှင် ဗီယက်နမ်နိုင်ငံမှ ကြေးတံဆိပ်များ အသီးသီးရရှိခဲ့ကြပါသည်။

ယနေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော Kurash အားကစားသမား မအေးအေးအောင်သည် ဂျူဒိုအားကစားနည်းဖြင့် ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၄)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုတစ်ကြိမ် စုစုပေါင်း ရွှေတံဆိပ်ဆု (၃)ကြိမ်တိုင်တိုင် ဆွတ်ခူးရရှိထားသော အားကစားသမားတစ်ဦး ဖြစ်ကြောင်း သတင်းရရှိပါသည်။

✦




















# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်





◆ ဗီယက်နမ်၊ မေလ(၁၂)ရက်နေ့။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မေလ (၁၂) ရက်၊ ဒေသစံတော်ချိန် ည (၈)နာရီတွင် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့ရှိ My Dinh National Stadium ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/နည်းပြ၊ အားကစားသမားများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီး Mr. Nguyễn Văn Hùng က (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို (၂၀၀၃)ခုနှစ်က အိမ်ရှင်အဖြစ် ပထမအကြိမ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ယခု ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံရှိ မြို့ကြီး (၁၂) မြို့တွင်မေလ (၁၂) ရက်နေ့မှ (၂၃)ရက်နေ့အထိ အားကစားနည်း (၄၀)နည်းမျိုး ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

✦
















# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပီတန်း၊ Kurash နှင့် Rowing အားကစားပြိုင်ပွဲများအား လိုက်လံကြည့်ရှုအားပေး









◆ ဗီယက်နမ်၊ မေလ(၁၃)ရက်နေ့။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပီတန်း (အမျိုးသား/ အမျိုးသမီး)အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန်နေ့လည် (၃)နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ရှိ National Sports Training Center ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာအားကစားအဖွဲ့များမှ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲတွင် ပီတန်းအားကစားသမား မခင်ချယ်ရီသက်သည် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။ ပွဲဦးထွက်ပြိုင်ပွဲတွင် မခင်ချယ်ရီသက်သည် ပြိုင်ဘက်အသင်းဖြစ်သော (၅)နိုင်ငံမှ အသင်းများဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ရမှတ်အများဆုံးဖြင့် နံပါတ်(၁)နေရာရရှိခဲ့ပြီး နံပါတ်














(၄)နေရာမှ ကမ္ဘောဒီးယားနိုင်ငံဖြင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ပါသည်။

ထို့နောက် ဗိုလ်လုပွဲ ပွဲစဉ်တွင် လာအိုအသင်းမှ အားကစားသမားနှင့် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြရာ မခင်ချယ်ရီသက်မှ လာအိုအားကစားသမားKip Thepphakan ကို အနိုင်ရရှိခဲ့ပြီး၊ မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ပီတန်းအားကစားသမား မောင်ဝင်းသူရိန်ထွန်းမှလည်း ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြပါသည်။

ဆက်လက်ပြီး Hoai Duc Gymnasium ၌ Kurash အားကစားပြိုင်ပွဲဗိုလ်လုပွဲပွဲစဉ်များကိုကျင်းပလျက်ရှိရာ (-၇၀)ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် မဖြိုးဆွေဇင်ကျော်သည် ဗီယက်နမ်အားကစားသမားကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက်ငွေတံဆိပ်ဆုကိုလည်း ကောင်း၊ (-၇၃) ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် မောင်စိုးမြင့်ထွန်းမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီး ဆုတံဆိပ်များ ရရှိခဲ့ကြပါသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် Hai Phong မြို့၌ Rowing အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ အမျိုးသမီး (၂)တက်လှော်ပြိုင်ပွဲတွင် မရွှေဇင်လတ်နှင့် မနီလာဝင်းတို့မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Hanoi National Sports Training Center ၌ ကျင်းပလျက်ရှိသော ကာယဗလကာယအလှအားကစားပြိုင်ပွဲ(၅၅) ကီလိုတန်းတွင် မောင်ကျော်မင်းသန်းမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆုများအသီးသီး ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။













# ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေသည့် 31st SEA Games ပြိုင်ပွဲတွင် ကာယဗလကာယအလှအားကစားပြိုင်ပွဲ 70 Kg တန်းတွင် ရွှေ(၁)၊ 80 Kg တန်းတွင် ငွေ (၁)၊ 85 Kg တန်းတွင် ငွေ(၁)၊ ဝူရှူး(ထောက်လှ) အားကစားနည်းမှ အမျိုးသမီး တစ်ဦးချင်း (ချန်းစု)ပြိုင်ပွဲတွင် ငွေ(၁)၊ အနောက်တိုင်း လှေလှော်ပြိုင်ပွဲအမျိုးသမီး (၂)တက်လှော်ပြိုင်ပွဲတွင်ကြေး(၁)၊ အမျိုးသမီး(၄)တက်လှော်ပြိုင်ပွဲတွင် ကြေး(၁)ထပ်မံရရှိ





◆ ဗီယက်နမ်၊ မေလ(၁၄)ရက်နေ့။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း (၂၀) ဖြင့် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဂေါက်သီး၊ ပြေးခုန်ပစ်၊ ဘီလီယက်၊ စစ်တုရင်၊ Rowing ၊ ဝူရှူး၊ ကာယဗလ ကာယအလှနှင့် ဖူဆယ်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲများအနက်မှ CauGiay Gymnasium ၌ ကျင်းပလျက်ရှိသော ကာယဗလ ကာယအလှ အားကစားပြိုင်ပွဲ(+၇၀) kg တွင် မောင်ရဲထွန်းနောင်မှ ပထမဆု ရွှေတံဆိပ်ကို ထိုက်ထိုက်တန်တန်ဖြင့် ဆွတ်ခူးရရှိခဲ့ပြီး၊ (+၈၀) kg တွင် မောင်မင်းဇော်ဦး နှင့် (+၈၅)kg တွင် မောင်ခင်မောင်ကျော်တို့မှ ဒုတိယဆု ငွေတံဆိပ်



















တစ်ခုစီကိုလည်းကောင်း၊ Trinh HoaiDuc Gymnasium ၌ ကျင်းပလျက်ရှိသော ဝူရှူး(ထောက်လု) အားကစားနည်းမှ အမျိုးသမီး တစ်ဦးချင်း (ချန်းစု)ပြိုင်ပွဲတွင် မစန္ဒီဦးမှ ဒုတိယဆု ငွေတံဆိပ်ကို လည်းကောင်း၊ Hai Phong ၌ ကျင်းပလျက်ရှိသော အနောက်တိုင်း လေ့လှော်ပြိုင်ပွဲအမျိုးသမီး (၂)တက်လှော်ပြိုင်ပွဲတွင် နီလာဝင်းနှင့် ရွှေစင်လတ်၊ အမျိုးသမီး (၄)တက်လှော်ပြိုင်ပွဲတွင် မအိဖြူ၊ မစန္ဒာရွှေ၊ မချစ်ဖူးငုံနှင့် မဝင်းသူဇာသိန်းတို့မှ တတိယဆု ကြေးတံဆိပ်တစ်ခုစီကို လည်းကောင်း ဆုများအသီးသီးရရှိခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ






အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/နည်းပြများ၊ မြန်မာအားကစားအဖွဲ့များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

✦



# (၃၁) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးအားကစားနည်းမှ ရွှေ(၁)ခု၊ ငွေ(၁)ခု၊ ကြေး(၂)ခုထပ်မံဆွတ်ခူးရရှိ

◆ ဗီယက်နမ်၊ မေလ(၁၅)ရက်နေ့။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ (Trinh Hoai Duc Gymnasium) ၌ ကျင်းပလျက် ရှိသော ယနေ့ ဝူရှူး (အပြ)ပြိုင်ပွဲ (Nangun)ပွဲစဉ်၌ မောင်သိန်းသန်းဦးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စတုတ္ထမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး (Changquan) ပွဲစဉ်၌ မစန္ဒီဦးမှ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ အဆင့်(၄) နေရာနှင့် (Taijijian) ပွဲစဉ်၌ မမြတ်နိုးအိမ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့်























(၅)နေရာရရှိခဲ့ကြောင်း၊ ရွှေတံဆိပ်ဆုရှင် မောင်သိန်းသန်းဦးအား နိုင်ငံတော်မှ ထပ်ဆောင်းချီးမြှင့်ငွေ US $ 3000 ကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ နေ့လည်ပိုင်း ပွဲစဉ်များအဖြစ် ဝူရှူး(ဆန်းဆို) ပြိုင်ပွဲများကို ကျင်းပရာတွင် မစုလှိုင်ဝင်းမှ (60 kg) ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခု၊ (52kg)ပြိုင်ပွဲတွင် မချယ်ရီသန်းနှင့် (70kg)ပြိုင်ပွဲတွင် မောင်မျိုးမင်းထက်တို့မှ ကြေးတံဆိပ် (၁)ခုစီကို လည်းကောင်း ဆုများ အသီးသီးရရှိခဲ့ကြပါသည်။

ထို့နောက် ယနေ့ညနေပိုင်းတွင် (PhuTho)မြို့ရှိ (Viet Tri) ဘောလုံးအားကစားကွင်း၌ အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းမှ အင်ဒိုနီးရှား အသင်းကို(၁) ဂိုး (၃) ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ မြားပစ်၊ ဘိလိယက်၊ စစ်တုရင်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဘော်လီဘော၊ ဝူရှူးနှင့် ကာယဗလကာယအလှ အားကစားပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/နည်းပြများ၊ မြန်မာအားကစား အဖွဲ့များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ပါသည်။












# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာအမျိုးသမီးဘောလုံးအသင်းအား နိုင်ငံတော်မှချီးမြှင့်ငွေပေးအပ်၍ ပြိုင်ပွဲများ ဆက်လက်ကြည့်ရှုအားပေး







◆ ဗီယက်နမ်၊ မေလ(၁၆)ရက်နေ့။

ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Ha Long City ၌ ကျင်းပလျက် ရှိသည့် အမျိုးသမီး ဘောလုံးပြိုင်ပွဲနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲဝင် မြန်မာအားကစားသမားများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက သွားရောက် တွေ့ဆုံ နှုတ်ဆက်၍ နောက်ဆုံးပွဲပြီးသည်အထိ မြန်မာတို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ ကြိုးစားအားထုတ်မှုကို ပြသယှဉ်ပြိုင်သွားကြရန်၊ အားကစားဖြင့်နိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်ကြရန်နှင့် အောင်မြင်မှုရရှိသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက စောင့်မျှော် အားပေးဂုဏ်ပြုကြမည် ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းကို နိုင်ငံတော်မှချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ(၁)သိန်း ပေးအပ်ခဲ့သည်။ မြန်မာ အမျိုးသမီးဘောလုံးအသင်းသည် အကြိုဗိုလ်လုပွဲအဖြစ် မေလ(၁၈) ရက်နေ့တွင် ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ Tay Ho အားကစားရုံ၌ ကျင်းပလျက်ရှိသည့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပါသည်။

အလားတူ ယနေ့ပြိုင်ပွဲများအဖြစ် Ha Dong အားကစားရုံ၌ ဘိလိယက်/စနူကာ အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ Hanoi National Sport Training Center ၌ ပီတန်း အားကစားပြိုင်ပွဲကိုလည်းကောင်း၊ Hoang Mai အားကစားရုံ၌ ပိုက်ကျော်ခြင်း ပြိုင်ပွဲများကိုလည်းကောင်း၊ BacNinh အားကစားရုံ၌ လက်ဝှေ့အားကစားပြိုင်ပွဲများကိုလည်းကောင်း ကျင်းပလျက်ရှိပြီး မြန်မာအားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ဦးပေါက်စကာ ဗိုလ်လုပွဲသို့လည်းကောင်း၊ အမျိုးသား/အမျိုးသမီး(၃)ယောက်တွဲ ပီတန်းပြိုင်ပွဲတွင် မြန်မာအသင်းက အကြိုဗိုလ်လုပွဲသို့လည်းကောင်း တက်ရောက်သွားကြောင်း သိရှိရသည်။

✦














# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘိလိယက်/စနူကာ အားကစားနည်းမှ ရွှေ(၁)ခု၊ သေနတ်ပစ် အားကစားနည်းမှငွေ(၁)ခု၊ ပီတန်းအားကစားနည်းမှ ကြေး(၁)ခု၊ ကနူးလှေလှော်အားကစားနည်းမှ ကြေး(၁)ခု ထပ်မံဆွတ်ခူးရရှိ







◆ ဗီယက်နမ်၊မေလ(၁၇)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိအားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်း မြန်မာစံတော်ချိန် (၉) နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ (Ha Dong) အားကစားရုံ၌ ဘိလိယက်/စနူကာ အားကစားနည်းမှ (English Billiards)တစ်ဦးချင်း ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာ အားကစားသမား ပေါက်စမှ ကမ္ဘာ့ ဘိလိယက် ချန်ပီယံပြိုင်ပွဲတွင် ရွှေတံဆိပ်(၆)ဆုနှင့် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၆)ဆုရရှိထားသော စင်ကာပူနိုင်ငံသား မစ္စတာ ပီတာ ဂေးခရစ်ကို (၃-၁)ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက်ပဉ္စမမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အတွက် နိုင်ငံတော်မှ ထပ်မံဂုဏ်ပြုချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ (၃၀၀၀) ကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ကိုယ်စားပေးအပ်ချီးမြှင့်ခဲ့ပါသည်။

မြန်မာ အားကစားသမား ပေါက်စသည် ကွာတားဖိုင်နယ် ပွဲစဉ်တွင် အိမ်ရှင်ဗီယက်နမ်ကို (၃)ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး
























အကြိုဗိုလ်လုပွဲတွင် ထိုင်းနိုင်ငံနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ (၃-၁)ဖြင့် ထိုင်း အားကစားသမားကို အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

အလားတူ ယနေ့ပြိုင်ပွဲများအဖြစ် (Hanoi National Sport Training Center) ၌ ကျင်းပလျှက်ရှိသောသေနတ်ပစ်အားကစားနည်း မီတာ (၅၀) (Free Pistol) ပြိုင်ပွဲတွင် မြန်မာ သေနတ်ပစ် အားကစားသမား မောင်ရဲထွန်းနောင်မှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ပီတန်းအားကစားနည်း (Mixed Triple)သုံးယောက်တွဲ ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ (HaiPhong)မြို့၌ ကနူးလှေလှော်ပြိုင်ပွဲတွင် မီတာ(၁၀၀၀) အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်၌ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့်



ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာ အားကစားသမား မသက်ဖြိုးနိုင်မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့ပြီး၊ မီတာ (၁၀၀၀) ကယက်လှေလှော် အားကစားနည်း (အမျိုးသား) တစ်ဦးချင်းပြိုင်ပွဲတွင် မောင်အောင်မျိုးသူနှင့် (အမျိုးသား) လေးတက်လှော်ပြိုင်ပွဲတွင် မောင်ထွန်းမင်းသန့်၊ မောင်ထက်ဝေလွင်၊ မောင်စောမိုးအောင်နှင့် မောင်မြင့်ကိုကိုတို့မှလည်းကောင်း၊ ကနူးလှေလှော်အားကစားနည်း မီတာ (၁၀၀၀)(အမျိုးသား) လေးတက်လှော်ပြိုင်ပွဲတွင် မောင်ဝင်းထိုက်၊ မောင်စိုင်းမင်းဝေ၊ မောင်မင်းနိုင်၊ မောင်သန့်ဇင်ဦးတို့မှ ဗိုလ်လုပွဲများသို့ တက်ရောက်သွားခဲ့ပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မြားပစ်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူးလှေလှော်၊ ဘီလီယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ E-Sports၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့ အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (၁၈. ၅. ၂၀၂၂) ရက်နေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူး၊ E-sports၊ ပြေးခုန်ပစ်၊ ဘီလီယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ လက်ဝှေ့နှင့် ဘောလုံး (အမျိုးသမီး) အားကစားပြိုင်ပွဲများကို ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်ကစား သွားမည်ဖြစ်ပါသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၆)ခုနှင့် ကြေးတံဆိပ်(၁၁)ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ်(၂၂)ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့်(၇) တွင် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိပါသည်။






# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းမှ ရွှေ(၁)ခု၊ ကြေး(၁)ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ငွေ(၁)ခု၊ ကနူး/ကယက်လှေလှော် အားကစားနည်းမှ ငွေ(၁)ခု၊ ကြေး(၁)ခု၊ မြားပစ်အားကစားနည်းမှ ကြေး(၁)ခုနှင့် တိုက်ကွမ်ဒိုအားကစားနည်းမှ ကြေး(၁)ခု ထပ်မံဆွတ်ခူးရရှိ

◆ ဗီယက်နမ်၊ မေလ(၁၈)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကိုမြို့အသီးသီး ရှိ အားကစားကွင်း / အားကစားရုံ များ၌ ကျင်းပလျက်ရှိရာ ယနေ့ညနေ ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ (Soc Son) အားကစားရုံ၌ ဗိုဗီနမ် အားကစားနည်း အမျိုးသမီး နှစ်ယောက်တွဲ (သရုပ်ပြ)ပွဲစဉ်တွင် မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်














လွင်တို့မှမြန်မာနိုင်ငံအတွက် ဆဋ္ဌမမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ပြီး၊ အမျိုးသမီး (-55kg) ကီလိုတန်းတွင်မနှင်းသက်ဝေမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ (My Dinh National Stadium)၌ ပြေးခုန်ပစ်အားကစားနည်း မီတာ (၁၀၀၀၀) အမျိုးသမီး အပြေးပြိုင်ပွဲတွင် မခင်မာဆယ်မှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ Hai Phong မြို့၌ ကနူး/ကယက် လှေလှော်အားကစားနည်းမှကယက်လှေလှော် မီတာ (၁၀၀၀) အမျိုးသား လေးတက်လှော်ပွဲစဉ်၌ မြန်မာ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ယှဉ်



















ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကနူးလှေလှော်မီတာ (၁၀၀၀) အမျိုးသား လေးတက်လှော်ပွဲစဉ်၌ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆုများအသီးအသီး ထပ်မံရရှိခဲ့ကြပါသည်။

အလားတူ ယနေ့ပြိုင်ပွဲများအဖြစ် Hanoi National Sport Training Center၌ ကျင်းပလျက်ရှိသော မြားပစ်အားကစားနည်း အမျိုးသမီး (Recurve) အသင်းလိုက်ပြိုင်ပွဲ တတိယ နေရာလုပွဲပွဲစဉ် ၌မြန်မာအသင်းမှဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Tay Ho အားကစားရုံ၌ တိုက်ကွမ်ဒိုအားကစားနည်း (-၆၃) ကီလိုတန်းပြိုင်ပွဲတွင် မောင်ဇော်လင်းထက်မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ယှဉ်ပြိုင်လျက်ရှိသော အားကစားနည်းများမှ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဘော်လီဘော အားကစားပြိုင်ပွဲနှင့်ဘောလုံး (အမျိုးသမီး) အားကစားပြိုင်ပွဲများ တွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။






# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေ(၁)ခု၊ ကြေး(၁)ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ငွေ(၁)ခု၊ ဂျူဒိုအားကစားနည်းမှ ငွေ(၁)ခု၊ ကနူး/ကယက်လှေလှော်အားကစားနည်းမှ ကြေး(၁)ခု၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ငွေ(၁)ခု၊ ကြေး(၂)ခုနှင့် ပိုပီနမ်အားကစားနည်းမှ ကြေး(၁)ခုထပ်မံဆွတ်ခူးရရှိ





















◆ ဗီယက်နမ်၊ မေလ(၁၉)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Hoang Mai အားကစားရုံ၌ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသား/အမျိုးသမီး ဗိုလ်လုပွဲပွဲစဉ်များ၌ အမျိုးသမီး (နှစ်ယောက်တွဲ) အသင်းလိုက် (Regu)ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းကို (၂-၁)ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် သတ္တမမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသား(နှစ်ယောက်တွဲ)အသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ ၂၀ ကီလိုမီတာ အမျိုးသမီး (လမ်းလျှောက်)ပြိုင်ပွဲဖိုင်နယ်ပွဲစဉ်၌ မြန်မာ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ယှဉ်ပြိုင်ကြရာတွင် မဇင်မေထက်မှ ငွေတံဆိပ်ဆုကိုလည်းကောင်း ဆုများအသီးသီး ထပ်မံဆွတ်ခူး ရရှိခဲ့ကြပါသည်။

အလားတူ ယနေ့ပြိုင်ပွဲများအဖြစ် ဟနွိုင်းမြို့ရှိ Hoai Duc အားကစားရုံ၌ ဂျူဒိုအားကစားနည်းမှ (-57 kg) ကီလိုတန်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မခြူးမြတ်နိုးဝေနှင့်(-63 kg)ကီလိုတန်းတွင် မနွယ်နီပွင့်လှိုင်တို့မှ ငွေတံဆိပ်ဆု တစ်ခုစီကိုလည်းကောင်း၊ Hai Phong မြို့၌ ကနူး/ကယက်လှေလှော် အားကစားနည်းမှ ကယက်လှေလှော်မီတာ (၁၀၀၀) အမျိုးသား နှစ်ယောက်တွဲပွဲစဉ်၌ မြန်မာ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့မှ ယှဉ်ပြိုင်ကစားခဲ့ကြရာ














မြန်မာနိုင်ငံမှ မောင်မြင့်ကိုကို၊ မောင်ထက်ဝေလွင်၊ မောင်အောင်မျိုးသူ(အရံ)တို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Tay Ho အားကစားရုံ၌ တိုက်ကွမ်ဒိုအားကစားနည်းအတိုက်ပြိုင်ပွဲ(-49kg)ကီလိုတန်းတွင် မဒေစီကျူးလီယက်မှ ငွေတံဆိပ်ဆု၊ (-80 kg) ကီလိုတန်းတွင် မောင်ထက်ဇော်လင်းနှင့် (-87kg) ကီလိုတန်းပြိုင်ပွဲတွင် မောင်ကျော်မင်းနိုင်တို့မှ ကြေးတံဆိပ်ဆု တစ်ခုစီ ကိုလည်းကောင်း၊ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်းမှ (-65kg)ကီလိုတန်းတွင် မဇင်မာခိုင်မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ အသီးသီး ထပ်မံဆွတ်ခူးပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ယှဉ်ပြိုင်လျက်ရှိသော အားကစားနည်းများမှ ပြေးခုန်ပစ် အားကစားပြိုင်ပွဲ၊ အလေးမ အားကစားပြိုင်ပွဲ၊ ဗိုဗီနမ်နှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင် ကစားနေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။










# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအားကစားအဖွဲ့အား လိုက်လံကြည့်ရှုအားပေး












◆ ဗီယက်နမ်၊ မေလ(၂၀)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်းမှ Male Multiple Weapon Practice : Againts 03 Other With Weapon(လေးယောက်တွဲ) အပြပွဲစဉ်၌ မောင်မနားကွီး၊ မောင်အိုက်စိုးလင်း၊ မောင်ဇင်လင်းထွန်းနှင့်မောင်ဇော်ဇော်တို့မှ မြန်မာ



























နိုင်ငံအတွက် (၈)ခုမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး၊ Female Single Hand Practice : Dragon Tiger Form (တစ်ကိုယ်တော်လက်သိုင်း) အပြပွဲစဉ်၌ မခိုင်ဝါဖူးမှ ငွေတံဆိပ်ဆုကို လည်းကောင်း၊ Female Single Weapon Practice : Ying Yang Sword Form (တစ်ကိုယ်တော် ဓားရှည်) အပြပွဲစဉ်၌ မမေဟာန်နီအောင်လွင်မှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ (-၆၅)ကီလိုတန်း (အတိုက်)ပြိုင်ပွဲတွင် မောင်ဝေသူလွင်မှ ကြေးတံဆိပ်ဆုကို လည်းကောင်း၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ English Billiards Double ပြိုင်ပွဲတွင် မောင်ပေါက်စနှင့် မောင်မင်းစည်သူထွန်းတို့မှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကနူးလှေလှော်(၅၀၀)မီတာ (C4 M) ပြိုင်ပွဲတွင် မောင်ဝင်းထိုက်၊ မောင်မင်းနိုင်၊ မောင်မျိုးလှိုင်ဝင်း၊ မောင်သန့်ဇင်ဦးတို့မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ လက်ဝှေ့အားကစားနည်းမှ(-၅၂)ကီလိုတန်းတွင် မောင်လင်းထွဋ်ပိုင်နှင့် (-၄၈) ကီလိုတန်းတွင် မောင်အေးငြိမ်းထူးတို့မှ ကြေးတံဆိပ်(၁) ခုစီကိုလည်းကောင်း၊ ဂျူဒိုအားကစားနည်းမှ (-၅၂) ကီလိုတန်းတွင် မအေးမာလာမှ ကြေးတံဆိပ်(၁)ခုကို လည်းကောင်း၊ အလေးမ အားကစားနည်းမှ (၅၉) ကီလိုတန်းတွင် နော်တဘိုးရာမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအားကစားအဖွဲ့မှ Grand Vista Hanoi Hotel ၌ နေထိုင်သည့်ဂျူဒိုအားကစားသမားများနှင့် Grand Phonelx Hotel ၌ နေထိုင်သည့် လက်ဝှေ့အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့မှ သွားရောက်တွေ့ဆုံနှုတ်ဆက်၍ အားကစားသမားများအား ပြိုင်ပွဲပြီးဆုံးသည့် နောက်ဆုံးအချိန်အထိ မြန်မာတို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားအားထုတ်မှုကို ပြသ၍ ယှဉ်ပြိုင်သွားကြရန် အားကစားဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ကြရန်နှင့် အောင်မြင်မှုရရှိသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက စောင့်မျှော်အားပေး ဂုဏ်ပြုကြမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားခဲ့ပြီး ဆုတံဆိပ်များ ရရှိခဲ့ကြသည့် အားကစားသမားများကို နိုင်ငံတော်မှ ထပ်ဆောင်းချီးမြှင့်ငွေအဖြစ် ရွှေတံဆိပ်ဆုရရှိသူများကိုအမေရိကန်








ဒေါ်လာ(၃)ထောင်၊ ငွေတံဆိပ်ဆု ရရှိသူများကို အမေရိကန်ဒေါ်လာ (၂)ထောင်၊ ကြေးတံဆိပ်ဆု ရရှိသူများကို အမေရိကန်ဒေါ်လာ (၁) ထောင်စီအား ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေ့လည်ပိုင်းတွင် ဟန်နွိုင်းမြို့ရှိ Soc Son Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဗိုဗီနမ်အားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟန်နွိုင်းမြို့ရှိ Ha Dong Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့်စနူကာ အားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဘိလိယက်၊ E-Sports၊ ဘော်လီဘော၊ ကနူးလှေလှော်၊ ဂျူဒို၊ ဗိုဗီနမ်၊ အလေးမ၊ လက်ဝှေ့ အားကစားနည်းများတွင် မြန်မာအားကစားအဖွဲ့များမှ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး(၂၁. ၅. ၂၀၂၂) ရက်နေ့ ပြိုင်ပွဲပွဲစဉ်များအဖြစ် သေနတ်ပစ်၊ စစ်တုရင်၊ ကနူး၊ ပိုက်ကျော်ခြင်း၊ E-Sports၊ အမျိုးသမီး (ဘောလုံး)၊ ဂျူဒို၊ အလေးမ၊ ဗိုဗီနမ်၊ လက်ဝှေ့ အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ပါသည်။




















# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ ဆက်လက်ကြည့်ရှုအားပေး

◆ ဗီယက်နမ်၊ မေလ(၂၁)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဗီယက်နမ်အားကစားနည်းမှ Male Single Weapon Practice Four Element Staff Form (တုတ်ရှည်အပြ) ပွဲစဉ်၌ မောင်တင်ထူးဇော်မှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ Male Couple Weapon Practice Pair Machete Form (နှစ်ယောက်တွဲအပြ) ပွဲစဉ်၌ မောင်ရာဇာထွန်းနှင့်မောင်တင်ထူး













ဇော်တို့မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ (-၅၅) ကီလိုတန်း (အတိုက်)ပွဲစဉ်၌ မောင်ကျော်ကိုကိုမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ သေနတ်ပစ် အားကစားနည်းမှ (၁၀)မီတာ Air Pistol Mixed Team ပွဲစဉ်၌ မောင်ရဲထွန်းနောင်နှင့် မချစ်စိုးနွယ်တို့မှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသား (လေးယောက်တွဲ) ပွဲစဉ်၌ အမျိုးသားအသင်း မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသမီး (လေးယောက်တွဲ)ပွဲစဉ်၌ အမျိုးသမီးအသင်းမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ဂျူဒိုအားကစားနည်းမှ (-၄၅)ကီလိုတန်းပွဲစဉ်၌ မစဲလ်ထိုးမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ကနူး/ကယက် လှေလှော်အားကစားနည်းမှ အမျိုးသမီး မီတာ(၂၀၀) ကနူးတစ်ဦးချင်း ပွဲစဉ်၌ မသက်ဖြိုးနိုင်မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ(၂၀၀) ကနူး(လေးယောက်)လှော်ပွဲစဉ်၌ မသက်ဖြိုးနိုင်၊ မစုဝေဖြိုး၊ မမြင့်မြင့်စိုးနှင့် မမိုးမမတို့မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ Men Snooker Single ပွဲစဉ်၌ မောင်အောင်ဖြိုးမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီး



ဆုတံဆိပ်များ ရရှိခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ Hoang Mai Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင် ကစားနေမှုများကိုလည်းကောင်း၊ နေ့လည်ပိုင်းတွင် Hoai Duc Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့်ဂျူဒိုအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း Hanoi National Sport Training Centre အားကစားရုံ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားပြိုင်ပွဲမှ ဆုရရှိခဲ့သည့် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Ha Long City ရှိ Cam Pha Stadium ၌ ကျင်းပလျက်ရှိသည့် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲ မြန်မာအသင်း ယှဉ်ပြိုင်ကစားနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ စစ်တုရင်၊ ဘိလိယက်၊ ကနူးလှေလှော်၊ ပိုက်ကျော်ခြင်း၊ E-Sports၊ အမျိုးသမီးဘောလုံး၊ ဂျူဒို၊ အလေးမ၊ ဗိုဗီနမ်၊ လက်ဝှေ့ အားကစားပြိုင်ပွဲများကို မြန်မာအားကစားအဖွဲ့များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (၂၂. ၅. ၂၀၂၂) ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ အလေးမ၊ ဂျူဒို၊ ဗိုဗီနမ်၊ လက်ဝှေ့ အားကစားနည်းများအား ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပါသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်(၈)ခု ၊ ငွေတံဆိပ်(၁၇)ခုနှင့် ကြေးတံဆိပ်(၃၄)ခုတို့ ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ်(၅၉)ခုဖြင့် နိုင်ငံအလိုက် အဆင့် ရပ်တည်မှုအဆင့်(၇)တွင် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိပါသည်။
















# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများ ပြန်လည်ရောက်ရှိကြိုဆို






◆ ဗီယက်နမ်၊ မေလ(၂၂)ရက်နေ့။

၂၀၂၂ ခုနှစ်၊ မေလ(၁၂) ရက်နေ့မှ (၂၃)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်နေသည့်(၃၁)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့သည် ၂၂. ၅. ၂၀၂၂ ရက်နေ့၊ ညနေ (၄)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အနုပညာရှင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများ၊ ဆရာ/ဆရာမများနှင့်ကျောင်းသား/ကျောင်းသူများ၊ မိဘပြည်သူများက အိုးစည်၊ ဗုံပတ်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖျဖျ ဂုဏ်ပြုကြိုဆိုခဲ့ပါသည်။

အဆိုပါပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင်(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ










ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားနည်းမှ ရဲထွန်းနောင် (+70Kg)၊ ဝူရှူးအားကစားနည်းမှ သိန်းသန်းဦး (နန်းကွန့်)တုတ်ရှည်၊ ပီတန်းအားကစားနည်းမှ ခင်ချယ်ရီသက် (Women Shooting)၊ ပြိုင်ပွဲအသီးသီးမှ ငွေတံဆိပ်ဆုရရှိသူများ၊ ကြေးတံဆိပ်ဆု ရရှိသူများနှင့် အတူ စစ်တုရင်၊ E-Sports၊ အမျိုးသမီးဘောလုံး၊ အမျိုးသားဘော်လီဘော အားကစားနည်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများပြန်လည်လိုက်ပါလာသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း(၂၀) တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မေလ (၂၂)ရက်နေ့အထိ ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ်(၃)ခု၊ ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ်(၆) ခု၊ ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ် (၁)ခု၊ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၂)ခု၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားနည်းမှ ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၁)ခု၊ Kurash အားကစားနည်းမှ ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ် (၁)ခု၊ ကြေးတံဆိပ်(၂)ခု၊ ဘီလီယက်နှင့်စနူကာအားကစားနည်းမှ ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁) ခု၊ ကြေးတံဆိပ်(၁)ခု၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ ရွှေတံဆိပ် (၁)ခု၊ ကြေးတံဆိပ်(၃)ခု၊ ပီတန်းအားကစားနည်းမှ ရွှေတံဆိပ်(၁) ခု၊ ကြေးတံဆိပ်(၂)ခု၊ ဂျူဒိုအားကစားနည်းမှ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၂)ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ငွေတံဆိပ်(၂) ခု၊ သေနတ်ပစ်အားကစားနည်းမှ ငွေတံဆိပ်(၂)ခု၊ ကနူး/ကယက်အားကစားနည်းမှ ငွေတံဆိပ်(၁) ခု၊ ကြေးတံဆိပ်(၆)ခု၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ငွေတံဆိပ်(၁) ခု၊ ကြေးတံဆိပ်(၃)ခု၊ အပြည်ပြည်ဆိုင်ရာ လှေလှော်အားကစားနည်းမှ ကြေးတံဆိပ်(၃)ခု၊ လက်ဝှေ့အားကစားနည်းမှ ငွေတံဆိပ်(၁) ခု၊ ကြေးတံဆိပ်(၂)ခု၊ မြားပစ်အားကစားနည်းမှ ကြေးတံဆိပ်(၁)ခု၊ အလေးမအားကစားနည်းမှ ကြေးတံဆိပ်(၁)ခု၊ စုစုပေါင်း ရွှေတံဆိပ် (၉)ခု၊ ငွေတံဆိပ်(၁၈)ခုနှင့် ကြေးတံဆိပ်(၃၅)ခု ရရှိခဲ့ကြောင်း သိရှိရသည်။









# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နွေရာသီ အခြေခံဂျူဒိုအားကစားသင်တန်း ဆင်းပွဲတက်ရောက်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ






◆ ဝီယက်နမ်၊ မေလ(၂၂)ရက်နေ့။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစား နှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် ၂၀၂၂ ခုနှစ် နွေရာသီအခြေခံဂျူဒို အားကစားသင်တန်းဖွင့်ပွဲအား ယနေ့ နံနက်(၉)နာရီအချိန်က ဦးဝိစာရ လမ်း အမျိုးသား ရေကူးကန်ဝင်း အတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ ချုပ်ရုံး၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည် ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး အားကစား နှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေး အောင်၊ အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒို အဖွဲ့ ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ရန်ကုန် တိုင်းဒေသကြီး ဂျူဒိုဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမင်းဇော်ထွန်း၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များနှင့် နည်းပြများ၊ သင်တန်းသား/ သင် တန်းသူများ တက်ရောက်ခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင်-

နွေရာသီကျောင်းပိတ်ရက်မှာ လူငယ်မောင်/မယ်များအနေနှင့် အချိန်ကို အလဟဿ မဖြစ်စေဘဲ မိမိအတွက်သော်လည်းကောင်း၊ အသင်းအဖွဲ့အတွက် သော်လည်း ကောင်း၊ နိုင်ငံတော်အတွက်သော် လည်းကောင်း၊ အကျိုးရှိတဲ့လုပ်ငန်း များကို ဆောင်ရွက်တဲ့အတွက် သင်တန်းသား/ သင်တန်းသူများ ၏ စိတ်ဓာတ်နှင့် ခံယူချက်ကို အထူးပင်လေးစားမိပါကြောင်း၊

အားကစားသင်တန်းတွေကို နိုင်ငံတစ်ဝန်းလုံးမှာ ဖွင့်လှစ်လျက် ရှိပြီးတော့ ယခုအခါ နိုင်ငံတော် အနေနဲ့လည်း အားကစားကဏ္ဍ ကို အထူးပင် အားပေးချီးမြှောက် နေတာကို အားလုံးအသိပင် ဖြစ် ပါကြောင်း၊ အားကစား လိုက်စား ခြင်းဟာ ကျန်းမာရေးအရသော် လည်းကောင်း၊ စိတ်ဓာတ်ပိုင်း ဆိုင်ရာအတွက်သော်လည်းကောင်း၊ ကိုယ်ကာယပိုင်းအရသော်လည်း ကောင်း၊ အင်မတန် အကျိုးရှိတဲ့ လုပ်ငန်းဖြစ်ပါကြောင်း၊



ယခုလို နွေရာသီမှာ အချိန်ကို အကျိုးရှိရှိ အသုံးချရင်း မိမိဝါသနာ ပါတဲ့ အားကစားကို ကျွမ်းကျင် အောင် ပြုလုပ်၍ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည်အထိ ကြိုးစားစေလိုကြောင်း၊

ယခုလိုအားကစားကိုလေ့လာ လိုက်စားတဲ့အခါမှာ သင်တန်းအစ ကာလမှာကဲ့သို့ မဟုတ်ဘဲ စိတ် ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတွေ မြင့်မားလာခြင်း၊ ခန္ဓာကိုယ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးလာခြင်းစတဲ့ အကျိုး ကျေးဇူးတွေအပြင် မိမိကိုယ်ကို ယုံကြည်မှုတွေ ဖြစ်လာတာကို လည်း သင်တန်းသား/ သင်တန်း သူများ ကိုယ်တွေ့ခံစားရမယ်လို့ ယူဆပါကြောင်း၊ ၎င်းအပြင်အပေါင်း အသင်းများ တိုးပွားလာပြီး လူမှု ဆက်ဆံရေး နယ်ပယ်ကျယ်ပြန့် လာခြင်း စသည့် အကျိုးကျေးဇူးကို ရရှိမှာဖြစ်ပါကြောင်း၊

နောင်တစ်ချိန်မှာ နိုင်ငံ့ပုခုံး ပြောင်းတာဝန်တွေကို ယူမည့် သားတို့သမီးတို့အနေဖြင့်လည်း မိမိနိုင်ငံ ဂုဏ်ဆောင်နိုင်သည့်အထိ ကြိုးစားသွားမည်ဟု မျှော်လင့်ပါ ကြောင်း၊ မျိုးဆက်သစ် လူငယ် မောင်/မယ်များအနေဖြင့် နိုင်ငံ ချစ်စိတ်ရှိဖို့ အရေးကြီးပါကြောင်း၊ မိမိနိုင်ငံကို မိမိကိုယ်တိုင် ချစ်မြတ် နိုးစိတ်ရှိမှသာ ကိုယ့်နိုင်ငံသည် ကမ္ဘာတည်သရွေ့ 'မြန်မာနိုင်ငံ' ဟူ၍ တည်ရှိနေမှာဖြစ်ပါကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ထိုမှတစ်ဆင့် မျိုးချစ်စိတ်ရှိရန် မြန်မာဆိုတဲ့စိတ်ရှိရန် လိုအပ်ပါ

ကြောင်း၊

မိမိလေ့လာသင်ယူ တတ်မြောက်တဲ့ အားကစားနည်းကို အကျိုးရှိရှိအသုံးချတတ်ဖို့ လိုအပ်ပါကြောင်း၊ အားကစားနည်းတိုင်းမှာ လိုက်နာရမယ့် စည်းကမ်းချက်တွေ ရှိပြီး နည်းပြများကလည်း သင်တန်းသား/ သင်တန်းသူများကို နည်းစနစ်ပိုင်းသာမက အားကစားနည်းရဲ့ သင်ကြားခြင်းရဲ့ ရည်ရွယ်ချက်နဲ့ အားကစားနည်းရဲ့ အကျိုးရှိပုံကိုလည်း ရှင်းပြဖို့လိုအပ်ပါကြောင်း၊ ကိုယ်ခံပညာရပ်ဆိုတာ မိမိကို ကာကွယ်ဖို့၊ မတရားအနိုင်ကျင့်တဲ့ အပြုအမူတွေ တွေ့ရင် ကူညီလိုတဲ့ စိတ်ဓာတ်ရှိဖို့ မိမိနိုင်ငံတော် တိုင်းတစ်ပါးက ကျူးကျော်လာလျှင် မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက် ခုခံကာကွယ်လိုစိတ်ရှိဖို့ စတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ကိုယ်ခံပညာရပ်ကို သင်ကြားပေးကြတာဖြစ်လို့ မိမိတတ်မြောက်တဲ့ ကိုယ်ခံပညာကို အသုံးချတတ်ပြီး တလွဲဆံပင်ကောင်းမဖြစ်ဖို့ အရေးကြီးပါကြောင်း၊

မိမိဝါသနာပါသော အားကစားနည်းကိုလေ့လာလိုက်စားရာမှ နိုင်ငံ ကိုယ်စားပြုအဆင့်သို့ ရောက်ရှိပြီဆိုလျှင် မြန်မာနိုင်ငံမှာရှိသော လူဦးရေသန်းပေါင်း (၅၀)ကို ကိုယ်စားပြုသည့်အတွက် အင်မတန် ဂုဏ်ယူဝမ်းမြောက်ဖွယ်ကိစ္စရပ်ဖြစ်သည့်အတွက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည်အထိ ကြိုးစားသွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းမှ သင်တန်းသား/ သင်တန်းသူများ ကျွမ်းကျင်မှုအဆင့်အလိုက် ခါးစည်းအဆင့်ကဒ်များ ပေးအပ်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်ဦးဌေးအောင်က သင်တန်းဆရာများကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ သင်တန်းသား/သင်တန်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဂျူဒိုဆပ်ကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထွန်းက နွေရာသီသင်တန်း ဝတ်စုံများပေးအပ်ပြီးနောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ထူးချွန်ဆုရသင်တန်းသား မောင်ခိုင်ခန့်နှင့် မသီရိနိုင်တို့အား ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့ပြီး နွေရာသီသင်တန်းသား/သင်တန်းသူများ စုပေါင်း၍ အခြေခံနည်းစနစ်များ သရုပ်ပြသခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ ရောက်ရှိရာ ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အတူ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အားကစားခန်းမအတွင်း အားကစားသမားများ၏ လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးပြီးနောက် ဥက္ကဋ္ဌမှလည်း လိုအပ်သည်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီးနောက် အမျိုးသား ရေကူးကန်၌ အုတ်တံတိုင်း ကာရံမှု၊ ရေကူးကန် သန့်ရှင်းသာယာရေးနှင့် အများပြည်သူ ရေလာကူးသည့်အချိန်တွင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရှိစေရေးတို့အတွက် အလေးထားဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်း ကြက်တောင် ရုံ သို့ ရောက် ရှိ လာရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ပြည်ထောင်စုဝန်ကြီးက -

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့သည် အမြဲတမ်း ဆက်သွယ်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နေဖို့လိုအပ်ပါကြောင်း၊

အဖွဲ့ချုပ်များ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြလျှင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် အမြဲတမ်း ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း၊

ကြက်တောင်အားကစားနည်း ပြန်လည်ဦးမော့လာစေရေးအတွက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လိုအပ်တာများ ပူးပေါင်းဆောင်ရွက် ပံ့ပိုးပေးရန် အဆင်သင့်ရှိနေပါကြောင်း၊

အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုကြားမှာ Co-Operation နှင့် Co-Odenation ရှိဖို့ လိုအပ်ပါကြောင်း၊ နိုင်ငံတော် အကြီးအကဲမှစ၍ ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ဝင်စားပါကြောင်း၊

အထူးသဖြင့် နိုင်ငံတော်ကိုယ်စားပြု ပြည်ပသို့ သွားရောက်ယှဉ်ပြိုင်တဲ့နေရာမှာ မည်သို့သော အစီအစဉ်ဖြင့် သွားရောက်သည်








ဖြစ်စေ အဆင့်ဆင့် ဆင့်ကဲဆင့်ကဲ တင်ပြ၍ လုပ်ငန်းတိုင်းမှာ အဆင်ပြေချောမွေ့စွာဖြစ်ရေးကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် အဖွဲ့ချုပ်တိုင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

အဖွဲ့ချုပ်များအနေဖြင့်လည်း အားကစားသမားများအား နိုင်ငံ့ဂုဏ်ဆောင်တဲ့နေရာမှာ တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်လို့မရဘဲ အားလုံးပူးပေါင်း ဆောင်ရွက်မှသာလျှင် အဖက်ဖက်မှ အောင်မြင်မှု ရရှိမှာဖြစ်ပါကြောင်း၊

အဖွဲ့ချုပ်များမှာ ပါဝင်ဖွဲ့စည်းပေးထားတဲ့ ဝန်ထမ်းများအနေဖြင့်လည်း အားကစားအဖွဲ့ချုပ်များ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၏ အားကစားတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ လစ်ဟာမှု မရှိစေရေးနှင့် အချိန်ကြန့်ကြာမှု မရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းလုပ်ဆောင်တတ်ဖို့ လိုအပ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ကြက်တောင်ရုံအတွင်း အားကစားသမားများ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ ရောက်ရှိလာပြီး အားကစားကွင်း၊ ပွဲကြည့်စင်၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးခန်းတို့အား ကြည့်ရှုစစ်ဆေးပြီးနောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အမှုဆောင်များနှင့် တွေ့ဆုံ၍ -

မြန်မာ့တင်းနစ် အားကစားနည်းသည် (၁၀)စုနှစ်နီးပါး မျိုးဆက်ပြတ်လပ်နေသည့်အတွက် တဖြည်းဖြည်း ပြန်လည်မွေးထုတ်သွားရမှာဖြစ်ကြောင်း၊ အဖွဲ့ချုပ်များအားလုံးအနေနဲ့ နိုင်ငံကိုယ်စားပြု အားကစားသမားများ မွေးထုတ်နိုင်သည့် အဆင့်အထိရောက်အောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊

အားကစားအဖွဲ့ချုပ်များ လုပ်ဆောင်နေသည့်လုပ်ငန်းအခြေအနေများကို သိရှိမှသာ ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်မည် ဖြစ်ပါကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရန်ကုန်မြင်းစီးအသင်းသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်နှင့် ရန်ကုန်မြင်းစီးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဆွေးနွေး စကားပြောကြားရာတွင် အဖွဲ့ချုပ်မှတင်ပြစရာများရှိပါက ပွင့်ပွင့်လင်းလင်းဖြင့် တင်ပြပေးစေလိုကြောင်း၊ မြင်းစီးကလပ်အသင်းများသည် အဖွဲ့ချုပ်၏ အောက်တွင်သာရှိရမှာ ဖြစ်ပါကြောင်း၊ မြင်းစီးကလပ်များနှင့် မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် မြင်းစီး အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါကြောင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် နားလည်မှုရှိပြီး စည်းကမ်းရှိစွာ ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုလျှင် အောင်မြင်မှုများ ရရှိနိုင်မှာဖြစ်ပါကြောင်း၊ ဆောင်ရွက်လိုသည်များကို စီမံချက်ရေးဆွဲပြီး တင်ပြပေးစေလိုပါကြောင်း၊ တင်ပြမှုအပေါ် သုံးသပ်ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊ နောင်တစ်ချိန်တွင် အားကစားနည်းသည် အောင်မြင်မှု လမ်းမှန်ပေါ်တွင် ရောက်ရှိသွားစေလိုပါကြောင်း ပြောကြားပြီးနောက် လေ့ကျင့်ရေးကွင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းသို့ ရောက်ရှိပြီး စားရိပ်သာ၊ မီးဖိုဆောင်၊ တန်းစီကွင်းနှင့် အမျိုးသား / အမျိုးသမီး (၄)ထပ်အိပ်ဆောင်သစ် ဆောက်လုပ်မည့် မြေနေရာများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။





(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ယနေ့နံနက် (၅)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့သို့ထွက်ခွာ။

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မြန်မာအားကစားသမားများ ယှဉ်ပြိုင်နေမှုအား လိုက်လံကြည့်ရှုအားပေး ဗိုဗီနမ်အားကစားနည်း အမျိုးသားလေးယောက်တွဲ (အပြ) ပွဲစဉ်မှ (၉)ခုမြောက် ရွှေတံဆိပ်ဆုထပ်မံရရှိ











◆ ဗီယက်နမ်၊ မေလ(၂၂)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ မေလ (၂၂. ၅. ၂၀၂၂)ရက်နေ့၊ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့ရှိSocSon အားကစားရုံ၌ ဗိုဗီနမ် အားကစားနည်းမှ Male Leg Attack Technique 04 Males, Each Performs2 Legs Attack Technique (လေးယောက်တွဲ) အပြပွဲစဉ်၌ အောင်ခိုင်လင်း၊ ရာဇာထွန်း၊ ဟိန်းထက်အောင်နှင့် ကျော်သူစိုးအောင်တို့မှ (၉)ခုမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံ ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး(၆၀)ကီလိုတန်း(အတိုက်) ပွဲစဉ်၌ ရွှေသက်ထားမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ BacNinh Gymnasium အားကစားရုံ၌ လက်ဝှေ့အားကစားနည်းမှ(-၅၇)








ကီလိုတန်းပွဲစဉ်၌ နိုင်လတ်မှ ငွေတံဆိပ်ဆုကိုလည်းကောင်း အသီးသီးထပ်မံ ဆွတ်ခူးခဲ့ကြပါသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ Hanoi National Sport Training Center အားကစားရုံ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ် အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ Hanoi Sport Training Center အားကစားရုံ၌ ကျင်းပလျက်ရှိသည့် အလေးမ အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် Bac Ninh Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် လက်ဝှေ့ အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ Soc Son Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဗိုဗီနမ်အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ အလေးမ၊ ဂျူဒို၊ ဗိုဗီနမ်၊ လက်ဝှေ့ အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေ(၉)ခု၊ ငွေ(၁၈)ခု၊ ကြေး(၃၅)ခုတို့ ဆွတ်ခူးရရှိထားပြီး စုစုပေါင်းဆုတံဆိပ် (၆၂)ခုဖြင့် နိုင်ငံအလိုက်အဆင့်ရပ်တည်မှု အဆင့်(၇)တွင် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။











# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အတူ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားများ ပြန်လည်ရောက်ရှိ ကြိုဆို၊ ရွှေတံဆိပ် (၉)ဆု၊ ငွေတံဆိပ်(၁၈)ဆု၊ ကြေးတံဆိပ် (၃၅)ဆုတို့ဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု (၇)ရရှိ





◆ ဗီယက်နမ်၊ မေလ(၂၄)ရက်နေ့။

၂၀၂၂ခုနှစ်၊ မေလ(၁၂)ရက်နေ့မှ (၂၃)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟန္တိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်နေသည့်(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့သည် ၂၃.၅. ၂၀၂၂ ရက်နေ့၊ ည (၂၃း၅၉) နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏မိဘဆွေမျိုးများနှင့် မိဘပြည်သူများတို့က အိုးစည်၊ ဗိုးပတ်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖျဖျ ဂုဏ်ပြုကြိုဆိုခဲ့ပါသည်။

အဆိုပါပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင်(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နှင့်အတူ ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် Kurash အားကစားနည်း(+87Kg) မှအေးအေးအောင်၊ ဘိလိယက်အားကစားနည်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှ ပေါက်စ ၊ ဗိုဗီနမ်အားကစားနည်း အမျိုးသမီးနှစ်ယောက်တွဲ လက်နက်မဲ့အပြပြိုင်ပွဲမှ ခိုင်ဝါဖူး၊ မေဟာန်နီအောင်လွင်၊ ပိုက်ကျော်ခြင်း အားကစားနည်း DoubleWomen ပြိုင်ပွဲမှ ခင်နှင်းဝေ၊ ဖြူဖြူသန်း၊ ယမုံဇင်၊ ဗိုဗီနမ်အားကစားနည်း လေးယောက်တွဲ အပြ ပြိုင်ပွဲမှ မနားကွီး၊ အိုက်စိုးလင်း၊ ဇင်လင်းထွန်း၊ ဇော်ဇော်၊ ဗိုဗီနမ်အားကစားနည်း လေးယောက်တွဲ အပြပြိုင်ပွဲမှ ရာဇာထွန်း၊ အောင်ခိုင်လင်း၊ ကျော်သူစိုးအောင်၊ ဟိန်းထက်အောင်၊ ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် သေနတ်ပစ် အားကစားနည်း အမျိုးသားမီတာ(၅၀) Pistol













ပြိုင်ပွဲမှ ရဲထွန်းအောင်၊ လေးယောက်လှော် မီတာ(၁၀၀၀)ပြိုင်ပွဲမှ မြင့်ကိုကို၊ ထက်ဝေလွင်၊ စောမိုးအောင်၊ ထွန်းမင်းသန့်၊ အောင်မျိုးသူ၊ ဂျူဒိုအားကစားနည်း (-57Kg) မှ ခြူးမြတ်နိုးဝေ၊ ဗိုဗီနမ် အားကစားနည်း တစ်ကိုယ်တော်လက်သိုင်းအပြ ပြိုင်ပွဲမှ ခိုင်ဝါဖူး၊ တစ်ကိုယ်တော် ဓါးရှည်အပြ ပြိုင်ပွဲမှ မေဟာန်နီအောင်လွင်၊ တုတ်ရှည်အပြပြိုင်ပွဲမှ တင်ထူးဇော်၊ ဘီလီယက်အားကစားနည်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲမှ ပေါက်စ၊ မင်းစည်သူထွန်း၊ လက်ဝှေ့အားကစားနည်း (-57Kg) ပြိုင်ပွဲမှ နိုင်လတ်၊ ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသော လှေလှော်အားကစားနည်း အမျိုးသမီး ကနူးတစ်ယောက်လှော် မီတာ(၁၀၀၀)ပြိုင်ပွဲ၊ အမျိုးသား ကနူးလေးယောက်လှော် မီတာ (၁၀၀၀)ပြိုင်ပွဲ၊ အမျိုးသား ကယက်နှစ်ယောက်လှော် မီတာ(၁၀၀၀) ပြိုင်ပွဲ၊ အမျိုးသား ကနူးလေးယောက်လှော် မီတာ(၅၀၀)ပြိုင်ပွဲ၊ အမျိုးသမီး ကနူးတစ်ယောက်လှော်မီတာ (၂၀၀)ပြိုင်ပွဲ၊ အမျိုးသမီး ကနူးလေးယောက်လှော် မီတာ(၂၀၀) ပြိုင်ပွဲတို့မှ သက်ဖြိုးနိုင်၊ ဝင်းထိုက်၊ စိုင်းမင်းဝေ၊ သန့်ဇင်ဦး၊ မင်းနိုင်၊ အောင်ဖြိုးဟိန်း၊ ထက်ဝေလွင်၊ မြင့်ကိုကို၊ အောင်မျိုးသူ၊ မျိုးလှိုင်ဝင်း၊ စုဝေဖြိုး၊ မြင့်မြင့်စိုး၊ မိုးမမ၊ စုစုလွင်၊ ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲတို့မှ ဝေလင်းအောင်၊ ကျော်ဇင်လတ်၊ အောင်မျိုးနိုင်၊ အောင်မျိုးဆွေ၊ ဇင်ကိုကို၊ အောင်ရဲဇော်၊ အောင်သူမင်း၊ ယမုံဇင်၊ ခင်းနှင်းဝေ၊ နန်းစုမြတ်စံ၊ အေးအေးသန်း၊ ဖြူဖြူသန်း၊ နမ့်ယဉ်ယဉ်မြင့်၊ ဗိုဗီနမ် အားကစားနည်း(-65Kg) အတိုက်ပြိုင်ပွဲ၊ နှစ်ယောက်တွဲအပြပြိုင်ပွဲ၊ (-55Kg) အတိုက်ပြိုင်ပွဲ၊ (60Kg) အတိုက်ပြိုင်ပွဲတို့မှ ဝေသူလွင်၊ ရာဇာထွန်း၊ တင်ထူးဇော်၊ ကျော်ကိုကို၊ ရွှေသက်ထား၊ လက်ဝှေ့အားကစားနည်း (-52Kg) ပြိုင်ပွဲမှ လင်းထွဋ်ပိုင်၊ (-48Kg) ပြိုင်ပွဲမှ အေးငြိမ်းထူး၊ ဂျူဒိုအားကစားနည်း (-52Kg) ပြိုင်ပွဲမှ အေးမာလာ၊ (-45Kg) ပြိုင်ပွဲမှ စဲလ်ဦး၊ အလေးမ အားကစားနည်း (59Kg) ပြိုင်ပွဲမှ နော်တဘိုးရာ၊ စနူကာအားကစားနည်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှ အောင်ဖြိုးတို့နှင့်အတူ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပြန်လည်လိုက်ပါခဲ့ကြသည်။

နိုင်ငံတော်မှ(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော အားကစားသမားများအား ရွှေတံဆိပ်တစ်ဆုလျှင် ငွေကျပ်သိန်း (၃၀၀)၊ ငွေတံဆိပ်တစ်ဆုလျှင် ငွေကျပ်သိန်း(၂၀၀)၊ ကြေးတံဆိပ် တစ်ဆုလျှင် ငွေကျပ်သိန်း(၁၀၀) နှုန်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် သင်ကြားပေးခဲ့သော နည်းပြများအားလည်း သတ်မှတ်ဆုကြေးငွေများကိုလည်းကောင်း၊ ဂုဏ်ပြုအခမ်းအနားဖြင့် ကျင်းပပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကာလအတွင်းမှာလည်း ထပ်ဆောင်း ချီးမြှင့်ငွေအဖြစ် တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၊ ကြေးတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းအား အမေရိကန်ဒေါ်လာ ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ငွေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းအား အမေရိကန်ဒေါ်လာ ၇၅၀ နှုန်းဖြင့်လည်းကောင်း၊ ကြေးတံဆိပ်ဆုရရှိပါက တစ်ဦးချင်းအား အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းဖြင့်လည်းကောင်း ချီးမြှင့်ကြောင်း သိရှိရပါသည်။







# 31st SEA GAMES ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံအသီးသီးမှ အဖွဲ့ဝင်များအား ကြိုဆိုဂုဏ်ပြုပွဲနှင့် အလံလွှင့်တင်ခြင်း အခမ်းအနားကျင်းပ

◆ ဗီယက်နမ်၊ မေလ(၁၁)ရက်နေ့။

ဗီယက်နမ်နိုင်ငံ၌ မေလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံအသီးသီးမှ အဖွဲ့ဝင်များအား ကြိုဆိုဂုဏ်ပြုပွဲနှင့် အလံလွှင့်တင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့ရှိ My Dinh National Stadium ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ဦးဆောင်သော အဖွဲ့ဝင်(၂၄) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားသို့အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ အရှေ့တီမောနဲ့ အိမ်ရှင်ဗီယက်နမ်တို့ အပါအဝင် နိုင်ငံပေါင်း (၁၁) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီကိုယ်စား ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး ဒုတိယဝန်ကြီး Hoang Dao Cuongu ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ရှိသူများ၊ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမား ၈၀၀၀ ကျော်ကို နွေးထွေးစွာ ကြိုဆိုပါကြောင်းနှင့် ဆီးဂိမ်းပြိုင်ပွဲ စတင်ချိန်၌ နိုင်ငံအသီးသီးမှ နိုင်ငံတော်အလံများကို My Dinh National Stadium ၌ လွှင့်တင်ထားပြီးဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့ပြီးနောက် အဖွဲ့ဝင်နိုင်ငံများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကိုလဲလှယ်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကူးကာ အခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။













# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာအားကစားအဖွဲ့ တတိယအသုတ် ဆက်လက်ထွက်ခွာ







◆ ဗီယက်နမ်၊ မေလ(၁၂)ရက်နေ့။

၂၀၂၂ ခုနှစ်၊ မေလ(၁၂) ရက်နေ့မှ (၂၃)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်မည့်(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ တတိယအသုတ်သည် ယမန်နေ့ည (၂၀း၀၀)နာရီ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့မှ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ပါသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ တတိယအသုတ်တွင် ဂေါက်သီးအားကစားနည်းမှ အမျိုးသား(၈)ဦး၊ အမျိုးသမီး(၄)ဦး၊ ပိတန်းအားကစားနည်းမှ အမျိုးသား(၃)ဦး၊ အမျိုးသမီး(၇)ဦး၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ အမျိုးသား(၁၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသား(၁၅)ဦး၊ အမျိုးသမီး(၁၀)ဦး၊ E-Sports အားကစားနည်းမှ အမျိုးသား(၂၈)ဦး၊ ဘိလိယက်နှင့် စနူကာ အားကစားနည်းမှ အမျိုးသား(၇)ဦး၊ ပြေးခုန်ပစ်အားကစားနည်းမှ အမျိုးသား(၁၀)ဦး၊ အမျိုးသမီး(၉)ဦး၊ မြားပစ်အားကစားနည်းမှ အမျိုးသား (၁၁)ဦး၊ အမျိုးသမီး(၇)ဦးနှင့် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးများအဖွဲ့တို့ပါကြောင်း သိရှိရသည်။

ဆက်လက်၍(၁၃. ၅. ၂၀၂၂) ရက်နေ့တွင် စတုတ္ထအသုတ်အနေဖြင့်လည်းကောင်း၊(၁၆. ၅. ၂၀၂၂) ရက်နေ့တွင် ပဉ္စမအသုတ်အနေဖြင့်လည်းကောင်း၊(၂၀. ၅. ၂၀၂၂) ရက်နေ့တွင် ဆဋ္ဌမ အသုတ်အနေဖြင့်လည်းကောင်း၊မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့သို့ တိုက်ရိုက်ခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာအားကစားအဖွဲ့ စတုတ္ထအသုတ် ဆက်လက်ထွက်ခွာ

◆ ဗီယက်နမ်၊ မေလ(၁၃)ရက်နေ့။

၂၀၂၂ ခုနှစ်၊ မေလ(၁၂) ရက်နေ့မှ (၂၃) ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်မည့်(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ စတုတ္ထအသုတ်သည် ယနေ့နံနက်(၀၇း၀၀) နာရီ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများတို့က လိုက်လံ ပို့ဆောင်နှုတ်ဆက်ခဲ့ပါသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့ စတုတ္ထအသုတ်တွင် လက်ဝှေ့အားကစားနည်းမှ အမျိုးသား(၇)ဦး၊ အမျိုးသမီး (၄) ဦး၊ သေနတ်ပစ် အားကစားနည်းမှ အမျိုးသား(၈)ဦး၊ အမျိုးသမီး (၅) ဦး၊ တိုက်ကွမ်ဒိုအားကစားနည်းမှ အမျိုးသား(၁၀)ဦး၊ အမျိုးသမီး(၆) ဦး၊ ကနူး/ ကယက်လှေလှော် အားကစားနည်းမှ အမျိုးသား(၁၄)ဦး၊ အမျိုးသမီး(၅)ဦး နှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများအဖွဲ့တို့ ပါကြောင်း သိရှိရသည်။

ဆက်လက်၍ (၁၆. ၅. ၂၀၂၂) ရက်နေ့တွင်ပဉ္စမအသုတ်အနေဖြင့်လည်းကောင်း၊ (၂၀. ၅. ၂၀၂၂) ရက်နေ့တွင် ဆဌမအသုတ်အနေဖြင့်လည်းကောင်းမြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့သို့ တိုက်ရိုက်ခရီးစဉ်သွားရောက်မည် ဖြစ်ကြောင်း သိရှိရသည်။









# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာအားကစားအဖွဲ့ ပဉ္စမအသုတ် ဆက်လက်ထွက်ခွာ

◆ ဗီယက်နမ်၊ မေလ(၁၆)ရက်နေ့။

၂၀၂၂ ခုနှစ်၊ မေလ(၁၂) ရက်နေ့မှ (၂၃) ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်မည့်(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ ပဉ္စမအသုတ်သည် ယနေ့နံနက်(၁၀း၀၀)နာရီ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့်ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့မှ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ပါသည်။




(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ ပဉ္စမအသုတ်တွင် ဂျူဒိုအားကစားနည်းမှ အမျိုးသား (၉)ဦး၊ အမျိုးသမီး (၄)ဦး၊ ဗိုဗီနမ်အားကစားနည်းမှ အမျိုးသား(၁၇)ဦး၊ အမျိုးသမီး (၈) ဦး၊ အလေးမအားကစားနည်းမှ အမျိုးသား(၄)ဦး၊ အမျိုးသမီး(၄)ဦးတို့ပါကြောင်း သိရှိရသည်။




၄-၅-၂၀၂၂ရက်နေ့တွင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ ပထမအသုတ်ထွက်ခွာ

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တက်ရောက်မှု မှတ်တမ်း
















## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် အဆင့်ရပ်တည်မှုဇယား

**31st SEA Games Results**

**Medal Table**

| | | | | |
|---|---|---|---|---|
| Vietnam | 205 | 125 | 116 | 446 |
| Thailand | 92 | 103 | 136 | 331 |
| Indonesia | 69 | 91 | 81 | 241 |
| Philippines | 52 | 70 | 104 | 226 |
| Singapore | 47 | 46 | 73 | 166 |
| Malaysia | 39 | 45 | 90 | 174 |
| Myanmar | 9 | 18 | 35 | 62 |
| Cambodia | 9 | 13 | 41 | 63 |
| Laos | 2 | 7 | 33 | 42 |
| Brunei Darussalam | 1 | 1 | 1 | 3 |
| Timor Leste | 0 | 3 | 2 | 5 |

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားသမားအဖွဲ့ တတိယအသုတ်အား ကြိုဆို





**ရန်ကုန်၊ မေလ(၂၀)ရက်နေ့။**

၂၀၂၂ခုနှစ်၊ မေလ(၁၂)ရက်နေ့မှ (၂၃) ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်နေသည့်(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ တတိယအသုတ်သည် ယနေ့နံနက် (၁၀) နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်၊ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိဘပြည်သူများက ပန်းစည်းများဖြင့် ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုကြပါသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့







တွင် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်း မြင့်ဦးနှင့်အတူ ငွေတံဆိပ်ဆုရရှိခဲ့သည့် ပြေးခုန်ပစ် အားကစားနည်းမှ ခင်မာဆယ် (မီတာ-၁၀၀၀၀)၊ ဇင်မေထက် (လမ်းလျှောက်)၊ ဂျူဒိုအားကစားနည်းမှ နွယ်နီပွင့်လှိုင်(-၆၃) ကီလို၊ တိုက်ကွမ်ဒို အားကစားနည်းမှ ဒေစီဦးဂျူးလီးယက် (-၄၉) ကီလို နှင့် ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသည့် ပီတန်းအားကစားနည်း (Mixed Triple)ပြိုင်ပွဲမှ ထွေးကိုကို၊ တင်တင်ဝေ၊ ကံ့ကော်သန့်ဇင်၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ဇော်လင်းထက်(-၆၃) ကီလို၊ ထက်ဇော်လင်း (-၈၀) ကီလို၊ ကျော်မင်းနိုင်(-၈၇) ကီလို၊ ဗိုဗီနမ်အားကစားနည်းမှ ဇင်မာခိုင်(-၆၅) ကီလို၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ အောင်မျိုးနိုင် (Double Men) မြားပစ်အားကစားနည်းမှ ပြည့်စုံနှင်း၊ သီတာနွယ်၊ ယမင်းသူ(Recurve Women Team )တို့နှင့်အတူ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ Kurash၊ လှေလှော်၊ ပီတန်း၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ မြားပစ်၊ သေနတ်ပစ်၊ ဗိုဗီနမ်၊ အလေးမ၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဘိလိယက်နှင့် စနူကာတို့မှ အားကစားအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပြန်လည်လိုက်ပါကြောင်း သိရှိရသည်။





# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားသမားအဖွဲ့ ဒုတိယအသုတ်အား ကြိုဆို

◆ ရန်ကုန်၊ မေလ(၁၈)ရက်နေ့။

၂၀၂၂ခုနှစ်၊ မေလ(၁၂) ရက်နေ့မှ (၂၃) ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်နေသည့်(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ ဒုတိယအသုတ်သည် ယမန်နေ့ည (၂၁း၃၀)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်



ဖြင့်ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပါသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် အမျိုးသား ဘောလုံးအသင်းမှ (၃၅) ဦး၊ ဂေါက်သီး အားကစားသမား(၁၇)ဦး၊ မြားပစ် အားကစားသမား(၃)ဦးနှင့် တိုက်ကွမ်ဒို အားကစားသမား(၅)ဦးတို့ပါရှိကြောင်း သိရှိရသည်။

✦

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားသမားအဖွဲ့ ပထမအသုတ်အား ကြိုဆို







◆ ရန်ကုန်၊ မေလ(၁၆)ရက်နေ့။

၂၀၂၂ ခုနှစ်၊ မေလ(၁၂)ရက်နေ့မှ(၂၃)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်နေသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ပထမအသုတ်သည် ယနေ့ညနေ (၅)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်မိဘပြည်သူများက ပန်းစည်းများဖြင့် ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုကြပါသည်။

အဆိုပါပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် ပြိုင်ပွဲအသီးသီးမှ ငွေတံဆိပ် ဆုရရှိခဲ့ကြသည့် Kurash အားကစားနည်း (73Kg) ပြိုင်ပွဲမှ ဖြိုးဆွေဇင်ကျော်၊ ဝူရှူးအားကစားနည်း အမျိုးသမီး တစ်ဦးချင်း ချန်ဆုပြိုင်ပွဲမှ စန္ဒီဦး၊ ဆန်းဆို (60Kg) ပြိုင်ပွဲမှ စုလှိုင်ဝင်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားနည်း (+80Kg) ပြိုင်ပွဲမှ မင်းဇော်ဦး၊ (+85Kg) ပြိုင်ပွဲမှ ခင်မောင်ကျော်နှင့် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် Kurash အားကစားနည်း (48Kg) ပြိုင်ပွဲမှ ခင်ခင်စု၊ (70Kg) ပြိုင်ပွဲမှ စိုးမြင့်ထွန်း၊ ပိတန်းအားကစားနည်း Men Shooting ပြိုင်ပွဲမှ ဝင်းသူရိန်ထွန်း၊ လှေလှော်အားကစားနည်း အနောက်တိုင်းလှေလှော် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲမှ ရွှေစင်လတ်+နီလာဝင်း၊ (အရံ)စန္ဒာရွှေ အနောက်တိုင်းလှေလှော် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲမှ ရွှေစင်လတ်+နီလာဝင်း၊ (အရံ)အိဖြူ အမျိုးသမီး (၄) တတ်လှော်ပြိုင်ပွဲမှ အိဖြူ + စန္ဒာရွှေ+ ချစ်ဖူးငုံ+ ဝင်းသူဇာသိန်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်း (55Kg) ပြိုင်ပွဲမှ ကျော်မင်းသန်း၊ ဝူရှူးအားကစားနည်း ဆန်းဆို (55Kg) ပြိုင်ပွဲမှ ချယ်ရီသန်း၊ ဆန်းဆို(70Kg) ပြိုင်ပွဲမှမျိုးမင်းထက်တို့နှင့်အတူ E-Sports၊ ပြေးခုန်ပစ်၊ မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပြန်လည်လိုက်ပါလာကြောင်း သိရှိရသည်။



နိုင်ငံတော်မှ ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားနေကြသော ပြိုင်ပွဲဝင်အားကစားသမားများအား ဆုတံဆိပ်ရရှိသည်နှင့် တစ်ပြိုင်တည်း ပြိုင်ပွဲကွင်းအတွင်းမှာပင် တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၊ ကြေးတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းအား အမေရိကန်ဒေါ်လာ ၁၀၀၀၊ ငွေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းအား အမေရိကန်ဒေါ်လာ ၇၅၀၊ ကြေးတံဆိပ်ဆုရရှိပါက တစ်ဦးချင်းအား အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ကြောင်း သိရှိရပါသည်။

✦

# ၂၀၂၂ ခုနှစ်၊ နွေရာသီအားကစားသင်တန်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကျင်းပ





◆ ရန်ကုန်၊ မေလ(၁)ရက်နေ့။

၂၀၂၂ ခုနှစ်၊ နွေရာသီ အားကစားသင်တန်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နေ့လည် (၁၃:၀၀)နာရီ အချိန်၌ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမှုဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းမှ အဖွင့်အမှာစကား ပြောကြား ရာတွင်ကျောင်းသား/ကျောင်းသူ၊ လူငယ်မောင်မယ်များအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလ အတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချပြီး အားကစားပြုလုပ်တာကိုပျော်ရွှင်ခြင်းမှတစ်ဆင့် ဝါသနာပါရာ အားကစားနည်းကို အခြေခံမှစပြီး စနစ်တကျ သင်ကြားခွင့်ရရှိမှာဖြစ်ပါကြောင်း၊ ယခုနှစ်တွင် အားကစားနည်း(၂၀)နည်းကိုအခြေခံမှစသင်ကြား လေ့ကျင့်ပေးသွားမှာဖြစ်သည်ဟု သိရှိရပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယ



ပညာ ဦးစီးဌာနမှူးပေါင်း၍ လူငယ်များ၏ စွမ်းဆောင်ရည်၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်မြင့်မားရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်နှင့် အားကစားဆိုင်ရာအသိပညာပေး ဟောပြောပွဲများကို အားကစား စင်တာများမှာ ဆောင်ရွက်သွားမည်ဟု သိရှိရသည့်အတွက် ထိထိရောက်ရောက် ဖြစ်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးဖို့ တိုက်တွန်းမှာကြားလိုပါကြောင်း၊ ဒီကနေ့ သင်တန်းတက်ရောက်တဲ့ သင်တန်းသား/သင်တန်းသူများထဲမှ နောင်တစ်ချိန်





မှာ အားကစားဖြင့်နိုင်ငံ့ဂုဏ်မြင့်တင့်ပေးနိုင်မည့် အားကစား လူရည်ချွန်များ ပေါ် ထွန်းလာပြီး အနာဂါတ်မှာ ပုခုံးပြောင်း တာဝန်ထမ်းဆောင်နိုင်မယ့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများ ဖြစ်လာအောင် နွေရာသီ အားကစားသင်တန်းများမှ တစ်ဆင့်လူငယ်များကိုပြုစုပျိုးထောင်ပေးရေးဆိုတဲ့ ကောင်းမွန်သော ရည်ရွယ်ချက်များကို အကောင်အထည်ဖော် အောင်မြင်အောင် ပူးပေါင်းကူညီဆောင်ရွက်ပေးကြတဲ့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်၊

ဆက်လက်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် နွေရာသီကျောင်းပိတ်ရက်များမှာ လူငယ်လူရွယ်များအချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရေး အခြေခံ အားကစားနည်း တစ်ရပ်ရပ်ကို လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်း မြင့်မားတဲ့ အားကစားသမားကောင်းများ ပေါ် ထွက်လာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် Mass Sports လို့ခေါ် တဲ့ လူထုအားကစားလှုပ်ရှားမှုများကိုတစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှား ဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်ရေးနှင့် Excellent Sports ဆိုတဲ့ ထူးချွန်ထက်မြက်သည့်နိုင်ငံ့ ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးရေး၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများမှာ အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်





ရေးနဲ့ အရှေ့တောင်အာရှမှသည် အာရှ၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးဟူသော မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များ စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှာ တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့သည့်အတွက် လူငယ်များ၏ အနာဂတ် အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်ရေးကိုဦးတည်၍ လူငယ်ရေးရာဦးစီးဌာန၌ မူဝါဒ (၇) ရပ်၊ ရည်မှန်းချက် (၇) ရပ်နှင့် လုပ်ငန်းစဉ် (၁၀)ရပ်ကို ချမှတ်ထားရှိပြီး လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ တာဝန်ယူမှု/ တာဝန်ခံမှုများနှင့် လူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာစေရေး စနစ်တကျ ပြုစုပျိုးထောင်ပေးရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနများ နှင့်ပူးပေါင်းပြီး လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိမြို့နယ်ပေါင်း



မှာ အောင်မြင်မှု ရရှိလာနိုင်မှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်နွေရာသီအားကစား သင်တန်းသား / သင်တန်းသူများမှ အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုပြီးနောက် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားပြီး ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံး အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိုက်ကွမ်ဒို အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျွမ်းဘား အဖွဲ့ချုပ်တို့မှ အားကစားသမားများက သရုပ်ပြသ၍ အခမ်းအနားကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။







(၁၀၆) မြို့နယ်မှ အခြေခံပညာ ကျောင်းများတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယခုလည်း နွေရာသီ အားကစားသင်တန်း ဖွင့်လှစ်မည့်စင်တာများတွင် လူငယ်နှင့် အားကစားဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကိုဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ အမျိုးသားအားကစား အဆင့်အတန်းမြင့်မား တိုးတက်ရေးလုပ်ငန်းများဟာ များပြားကျယ်ပြန့်လှတာကြောင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းက တာဝန်ယူဆောင်ရွက်လို့ ရနိုင်တဲ့ ကိစ္စမျိုးမဟုတ်ဘဲ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင် လမ်းညွှန်မှုနဲ့ အတူ ပြည်ထောင်စုဝန်ကြီးဌာန အားလုံး၊ ပြည်နယ် / တိုင်းဒေသကြီး အစိုးရအဖွဲ့များအားလုံး၊ ဒေသဆိုင်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့် အားကစားဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်နဲ့ အတူ အားကစားဝါသနာရှင်များ၊ စေတနာရှင်အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ပြည်သူ တစ်ရပ်လုံး အမျိုးသားရေး စိတ်ဓာတ်နဲ့ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်လာမှသာ အချိန်ကာလအတိုင်းအတာ တစ်ခုအတွင်း



# လူငယ်ရေးရာဦးစီးဌာန၏ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား










◆ နေပြည်တော်၊ မေလ(၆)ရက်နေ့။

ဝန်ထမ်းများ ရုံးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် ရုံးလုပ်ငန်းများကို ကောင်းမွန်စွာ သိရှိနားလည်ပြီး ပင်မလုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော လူငယ်ရေးရာ ဦးစီးဌာန၏ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ(၃း၃၀)နာရီအချိန် တွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) ရှိ(Multi-purpose Hall) ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးမှ အမှာစကား ပြောကြားရာတွင် လူငယ်ရေးရာဦးစီးဌာန၏ ရည်မှန်းချက်များ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည့် အရာထမ်း/ အမှုထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကိုကောင်းမွန်စွာ သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို ပိုမိုကျွမ်းကျင်စွာဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက်ရာ၌နိုင်ငံတော်၏အုပ်ချုပ်ရေး ယန္တရားကို အဓိက မောင်းနှင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးပါကြောင်း ဝန်ထမ်းအချင်းချင်း နိုင်ငံ့ဝန်ထမ်းကောင်းစိတ်ဓာတ် အပြည့်အဝဖြင့် တစ်ဦးနှင့်တစ်ဦး အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး မိမိတို့ဌာန တိုးတက်ရေးအတွက် ယခုသင်တန်းမှ ပို့ချပေးခဲ့သော အသိပညာအတတ်ပညာများကိုလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အတွက် လူငယ်ရေးရာဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သော 'လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့' ဆိုသည့်အတိုင်း လူငယ်ရေးရာကိစ္စရပ်များကိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ဝန် ထမ်းများအနေဖြင့် မိမိတို့ ကိုယ်ရည်ကိုယ်သွေး အရည်အချင်းများ အစဉ်တိုးတက်နေစေ

စာမျက်နှာ(၅၀)သို့

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနားကျင်းပ





◆ နေပြည်တော်၊ မေလ(၂၈/၂၉)ရက်နေ့။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းများနှင့် အခြားလုပ်ငန်းများအတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီများ၏ အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနားကိုမေလ(၂၈)ရက်နေ့ တွင်လည်းကောင်း ဖွင့်ဖောက်စစ်ဆေးခဲ့ပြီး ကြမ်းခင်းဈေး အောင်မြင်သည့် ကုမ္ပဏီများ၏ Profile နှင့် Technical စာအိတ်(A)အား သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများမှ စစ်ဆေးဆောင်ရွက်ခြင်း အခမ်းအနားကိုမေလ(၂၉)ရက်နေ့ တွင်လည်းကောင်း နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန တင်ဒါကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ









ပါသည်။

မေလ (၂၈)ရက်နေ့တွင် ကုမ္ပဏီများမှ တင်သွင်းလာသည့် အဆိုပြုဈေးနှုန်း စာအိတ်(B)အား ဖွင့်ဖောက်စစ်ဆေး ကြေညာခြင်းများပြုလုပ်ခဲ့ပြီး (၂၉. ၅. ၂၀၂၂) ရက်နေ့ နံနက်(၈)နာရီမှစ၍ ကြမ်းခင်းဈေး အောင်မြင်သည့် ကုမ္ပဏီများ၏ Profile နှင့် Technical စာအိတ်(A)အား သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများမှ စစ်ဆေး ဆောင်ရွက်ခြင်းများကို လည်းကောင်း မေလ(၃၀)ရက်နေ့ နံနက်(၈)နာရီမှစ၍ ကြမ်းခင်းဈေး အောင်မြင်သည့် ကုမ္ပဏီများ၏ Profile နှင့် Technical စာအိတ်(A) အား သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများမှ စစ်ဆေးဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။







စာမျက်နှာ(၄၈) မှအဆက်

ရန် လေ့လာသင့်သည့် ပညာရပ်များကို ဆည်းပူးလေ့လာပြီး အမြဲကြိုးစား အားထုတ်သွားကြရန်လိုကြောင်း၊ ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်၍ နိုင်ငံတော်မှ အားထားရသော ဝ န်ထမ်းကောင်းများဖြစ်အောင် ကြိုးစားပြီး တစ်ဦးကောင်း တစ်ယောက်ကောင်း စိတ်မမွေးဘဲ အဖွဲ့အစည်းစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် မိမိတို့ဌာန အောင်မြင်တိုးတက်စေရန်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း၍ စည်းလုံးညီညွတ်စွာဖြင့် ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်မှ သင်တန်းသားများ ကိုယ်စား သင်တန်းသား/သင်တန်းသူ (၂)ဦးအား သင်တန်းဆင်း လက်မှတ်များအားလည်းကောင်း၊ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသူ ဒေါ်ဝေမာလင်း (အကြီးတန်းစာရေး) အား ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်အားလည်းကောင်း၊ သင် တန်းနည်းပြဆရာမပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ဒေါ်စန္ဒာဝင်း(လက်ထောက်ညွှန်ကြားရေးမှူး) အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။





# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တက်ရောက်





◆ နေပြည်တော်၊ မေလ(၁၁)ရက်နေ့။

National Fitness ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အတွက် အထောက်အကူဖြစ်စေရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်(၀၉း၃၀) နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၁)၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်













ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ (ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ပြေးခုန်ပစ်) အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ၂၀၀၇ ခုနှစ်မှ စတင်၍ ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲများကိုသာ ဝန်ကြီးဌာနပေါင်းစုံ သီးသန့်ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပပြုလုပ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ်တွင် ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများအဖြစ် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဘောလုံး (အမျိုးသား)၊ ဖူဆယ် (အမျိုးသား) နှင့် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ(၅)ပွဲအား ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်အတွက် ပြိုင်ပွဲပြက္ခဒိန်အား ဝန်ကြီးဌာနများသို့ ကြိုတင် ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ စက်တင်ဘာလတွင်ကျင်းပပြုလုပ်မည့် အလွတ်တန်း (အမျိုးသား)ဘောလုံးပြိုင်ပွဲအား (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာလ(၁၅)ရက်နေ့အပြီး ထပ်မံကျင်းပပေးသွားမည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် ယခင်နှစ်များထက် ပိုမိုပါဝင်ယှဉ်ပြိုင် သွားကြစေလိုကြောင်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစ၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်၊ အသက်(၁၉)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲနှင့် အသက်(၁၈)နှစ်အောက်၊ အသက် (၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများတွင် ဝန်ကြီးဌာနကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် အားကစားသမားများအား ရွေးချယ်၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ထားပြီး ဝင်ရောက်ကစားနိုင်ကြောင်း၊ ပြိုင်ပွဲများနှင့်ပတ်သက်သည့် စည်းမျဉ်း/စည်းကမ်းများနှင့် အစီအစဉ်များကိုလည်း ဝန်ကြီးဌာနများသို့ကြိုတင်ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန အသင်းများဖွဲ့စည်းရာတွင်ယခင်စည်းမျဉ်း/စည်းကမ်းအတိုင်း ပြိုင်ပွဲဝင် အားကစားသမားများအား အမြဲတမ်းဝန်ထမ်း လုပ်သက် အနည်းဆုံး(၂)နှစ် သတ်မှတ်ထားမည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများအတိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ဆုကြေးငွေများအဖြစ် ပထမဆု(၂၀)သိန်း၊ ဒုတိယဆု(၁၅)သိန်း၊ တတိယဆု(၁၀)သိန်းနှင့် စတုတ္ထဆု(၅) သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး၊ ဆုဆွဲပြားနှင့် ဆုဖလားများ ချီးမြှင့်သွားမည်ဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့်ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

စာမျက်နှာ(၅၄)သို့





# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တက်ရောက်ကြည့်ရှုအားပေး



◆ နေပြည်တော်၊ မေလ(၁၁)ရက်နေ့။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ဒေသအသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန်၊ လူငယ်/လူရွယ်များ လက်ဝှေ့အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေပြီး လက်ဝှေ့အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်စိတ်ဓာတ်၊ စွမ်းရည်၊ သတ္တိနှင့်ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြုသွေးသစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ '၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ'ပွဲစဉ်များကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၅၂)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ဖြိုးဝေထွန်းနှင့် နေပြည်တော်အသင်းမှ ကျော်မျိုးထက်၊ ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်နှင့် ရခိုင်ပြည်နယ်အသင်းမှ ဝေကိုဇင်၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ကျော်မင်းထွန်းနှင့်မန္တလေးတိုင်း ဒေသကြီးအသင်းမှ အောင်နိုင်ဖြိုး၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဘိုဘိုနှင့် ကချင်ပြည်နယ်အသင်းမှ ပေါင်းခါ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှကိုကိုထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ အေးမင်း၊အမျိုးသား(၆၉)ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှဝင်းမင်းထွန်းနှင့် ကချင်ပြည်နယ်အသင်းမှ ဇော်ဝင်းထက်၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ အောင်အောင်လွင်နှင့်ရခိုင်ပြည်နယ်အသင်းမှ ကျော်သီဟ၊ အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်သူနှင့်စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သုတ၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းခေးလျှမ်းနှင့် မွန်ပြည်နယ်အသင်းမှ ရန်နိုင်အောင်၊ အမျိုးသား(၈၁)ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှအောင်ဇင်ထိုက်နှင့် မကွေးတိုင်းဒေသကြီး အသင်းမှ သဲမောင်မောင်၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ မင်းအိဇာ်ကောင်းနှင့် နေပြည်တော်အသင်းမှ ရှင်းထက်အောင်၊ အမျိုးသမီး(၅၁)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ နန်းအေးဇွေဟွမ်နှင့် ရန်ကုန်တိုင်း







ဒေသကြီးအသင်းမှ လင်းလက်နေခြည်၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင့်ရွှေစင်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ခြူးပန်းနွယ်၊ မကွေးတိုင်းဒေသကြီး အသင်းမှ မိုးဆန်းထွေးနှင့် ကရင်ပြည်နယ်အသင်းမှအေးသန္တာအောင်၊ ကချင်ပြည်နယ် အသင်းမှ လထော်မေရီဆိုင်းမိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သက်ဖူးငုံ၊ အမျိုးသမီး (၅၄)ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ နိုင်ငြိမ်းပိုင်နှင့် ကရင်ပြည်နယ်အသင်းမှ နန်းရတနာအေး၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှနော်ထူးလော်အယ်နှင့် မကွေးတိုင်းဒေသကြီး အသင်းမှ အိချိုဇင်ထက်၊ ရှမ်းပြည်နယ်အသင်း



မှ နန်းလောင်မွန်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဆုမြတ်နိုး၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဆုသက်ခိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ နန်းစုနွယ်၊ အမျိုးသမီး (၅၇)ကီလိုတန်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ အိအိစံနှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ စန်းစန်းငွေ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထက်ထက်ဝင်းနှင့် ရှမ်းပြည်နယ်အသင်းမှ မူဗွေဟွမ်တို့မှလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြပြီး ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲအား မေလ(၃၀)ရက်နေ့မှ ဇွန်လ(၆)ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့ အားကစားရုံ၌ ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

✦

စာမျက်နှာ(၅၂) မှအဆက်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဆွေးနွေးပြောကြားရာတွင် ယခင်က ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲအား ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲများကိုသာ သီးသန့်ကျင်းပပြုလုပ်ခဲ့ပြီး ကျန်အားကစားပြိုင်ပွဲများကို လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများအဖြစ် ကျင်းပခဲ့ခြင်းသာဖြစ်ပြီး ယခုနှစ်မှစ၍ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများအဖြစ် ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် အသင်းများဖွဲ့စည်းရာတွင် ပြိုင်ပွဲကျင်းပရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားရန် မေတ္တာရပ်ခံပါကြောင်း၊ အသင်းဖွဲ့စည်းရာ၌ အားကစားသမားများ လိုအပ်ပါက ပြည်နယ်/တိုင်းဒေသကြီး ပြိုင်ပွဲများတွင် လာရောက်ကြည့်ရှုပြီး ရွေးချယ်နိုင်ကြောင်း၊ ပြိုင်ပွဲကျင်းပမည့် အစီအစဉ်များ ပြိုင်ပွဲပုံစံ၊ လူတွေ့စစ်ဆေးခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို အားကစားနည်းအလိုက် ပြုလုပ်မည့်နေ့ရက်၊ အချိန်နှင့်နေရာများကိုလည်း ကြိုတင်အသိပေးဖိတ်ကြားသွားမည်ဖြစ်၍ အသင်းအုပ်ချုပ်သူများအနေဖြင့် အစည်းအဝေးကို မပျက်မကွက် တက်ရောက်ပေးကြဖို့လိုကြောင်း၊ ပြိုင်ပွဲနှင့် ပတ်သက်ပြီး မရှင်းလင်းသည်များရှိပါက ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအာဏာပိုင်အဖွဲ့ အစည်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် တာဝန်ရှိသူများမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ သတ်မှတ်ထားသည့်စည်းမျဉ်း/စည်းကမ်းများတွင် ပါဝင်သည့် အချက်အလက်များ၊ အသင်းဖွဲ့စည်းမှုများနှင့် ပတ်သက်၍ နေ့စားဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်ကစားခွင့်ပြုနိုင်ရေးအတွက် အသီးသီးဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးမှ ဆွေးနွေးတင်ပြချက်များအား ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်မှ ကြီးမှူးကျင်းပသည့် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

◆ ရှမ်း၊ မေလ(၅)ရက်နေ့။



ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်မှ ကြီးမှူး၍ တောင်ကြီးခရိုင်နှင့် မြို့နယ်မှ ဖွင့်လှစ်ခဲ့သည့် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို(၂. ၅. ၂၀၂၂)ရက်နေ့ ညနေ (၁၅း၀၀) နာရီအချိန်တွင်ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်မှ နွေရာသီ အခြေခံအားကစား သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင်မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍လည်းကောင်း၊ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးအတွက် လည်းကောင်း၊ မျိုးဆက်သစ် လူငယ်အားကစားသမားများကိုလေ့ကျင့်ပြုစုပျိုးထောင်ပေးရာတွင် ထူးချွန်ထက်မြက်သော မြန်မာ့လက်ရွေးစင်နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် အတွက်လည်းကောင်း ရည်ရွယ်ဖွင့်လှစ်ခဲ့သော သင်တန်းဖြစ်ပါကြောင်း ပြောကြားသွားကာ သင်တန်းသား/သင်တန်းသူ အားကစားမောင်မယ်များမှ အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်အား ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသား/သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းဆင်းလက်မှတ်များနှင့် နည်းပြဆရာ၊ ဆရာမ (၇၂)ဦး အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အားကစားသရုပ်ပြအစီအစဉ်များ ပြသခဲ့ကြောင်း သိရှိရသည်။









# တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲပိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား










◆ **တနင်္သာရီ၊ မေလ(၁၁)ရက်နေ့။**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

# အားကစားစိတ်ဓာတ်

**အားကစားလေ့ကျင့်ရာ၌လည်းကောင်း၊
အားကစားယှဉ်ပြိုင်ရာ၌လည်းကောင်း၊ ပွင့်လင်းမှု၊ ရိုးသားမှု၊
သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်ရှည်ထားမှု၊ နိုးကြားမှု၊
ကြိုးစားမှု အစရှိသည်တို့ အမြဲရှိထားရပါမည်။**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၅)ခရိုင် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်





◆ မကွေး၊ မေလ(၁၃)ရက်နေ့။

၂၀၂၂ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၅)ခရိုင် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနောက်ဆုံးပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို မေလ(၁၃)ရက်နေ့ နံနက် (၉)နာရီက တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၅)ခရိုင် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲပိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးခဲ့ပြီး ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ပထမဆုရရှိသော မကွေးခရိုင်အမျိုးသား ဘော်လီဘောအသင်းအားလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာ ဝန်ကြီးဦးအောင်ချိန်က ဒုတိယဆုရရှိသည့် ပခုက္ကူခရိုင် အမျိုးသား ဘော်လီဘောအသင်းအား လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာ ဝန်ကြီး ဦးစိုင်းမြင့်အေးက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံးပိတ်ဆို့ဆု၊ အကောင်းဆုံး စပေးဘောဆုနှင့် အကောင်းဆုံး ဆယ်မဆုရရှိသည့် အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော မင်းဘူးခရိုင် အမျိုးသမီး ဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိသော မကွေးခရိုင် အမျိုးသမီး ဘော်လီဘောအသင်းတို့အားလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။





# ၂၀၂၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၄)ခရိုင် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား






◆ ပဲခူး၊ မေလ(၁၇)ရက်နေ့။

၂၀၂၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၄)ခရိုင် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ(၁၆း၀၀) နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး အားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဗိုလ်လုပွဲပွဲစဉ်အဖြစ် တောင်ငူခရိုင်အသင်းနှင့် သာယာဝတီခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တောင်ငူခရိုင်အသင်းမှ (၃)ပွဲ (၁) ပွဲဖြင့် အနိုင်ရရှိခဲ့ပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိခဲ့သော သာယာဝတီခရိုင်အသင်းမှ ကျောနံပါတ်(၄) မောင်ချစ်ညီညီအား ဆုဖလားနှင့် ငွေကျပ်(၇)သောင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးမှလည်းကောင်း၊ ဒုတိယဆုရရှိခဲ့သော သာယာဝတီခရိုင်အသင်းကို တစ်ဦးချင်း ဆုဆွဲပြားနှင့် ငွေကျပ်(၆)သိန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးဆွေမှလည်းကောင်း၊ ပထမဆုရရှိခဲ့သောတောင်ငူခရိုင်အသင်းကို တစ်ဦးချင်းဆုဆွဲပြားများအား တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်မှ လည်းကောင်း အသီးသီးချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဒိုင်လူကြီးအဖွဲ့များအား ဂုဏ်ပြုဆုငွေကျပ်(၂)သိန်းနှင့် ပထမဆုရရှိခဲ့သော တောင်ငူခရိုင်အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေကျပ်(၈)သိန်းအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ ချီးမြှင့်ခဲ့ပြီး ပထမဆုနှင့် ဒုတိယဆုရရှိခဲ့သော အသင်းများနှင့်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

✦

# အာဆီယံလူငယ်စကားဝိုင်း (ASEAN Youth Debate 2022)အတွက် အကြိုရှင်းလင်းခြင်း အခမ်းအနားကျင်းပ

◆ နေပြည်တော်၊ မေလ(၁၇)ရက်နေ့။

၂၀၂၂ခုနှစ်၊ ဇွန်လမှ အောက်တိုဘာလအထိ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစား ဝန်ကြီးဌာနမှ ဦးဆောင်၍ "စိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းကြစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည့် ပထမအကြိမ်၊ အာဆီယံလူငယ်စကားဝိုင်း (ASEAN Youth Debate 2022) အတွက် အကြိုရှင်းလင်းခြင်း အခမ်းအနားကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနတွင် ယနေ့ နံနက် (၁၀း၀၀)နာရီအချိန်တွင် Video Conferencing ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်စကားဝိုင်းတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနအသီးသီးမှ လူငယ်ကိုယ်စားလှယ်များအနေနှင့်

စာမျက်နှာ(၆၉)သို့







# ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅) နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား

◆ ကရင်၊ မေလ(၁၉)ရက်နေ့။

ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ (၁၄း၀၀)နာရီအချိန်တွင် ဘားအံမြို့ အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ခဲ့၍ ဗိုလ်လုပွဲစဉ်များကိုကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘောဆု၊ ဆယ်မဆု၊ ပင့်ထောင်ဆုကို မြို့ပြနှင့် အိုးအိမ်ညွှန်ကြားရေးမှူး ဦးသူရိန်မှလည်းကောင်း၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုများကို ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးမှလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘောဆု၊ ဆယ်မဆု၊ ပင့်ထောင်ဆုကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းကိုမှ လည်းကောင်း၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုများကိုပြည်နယ် လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီးခင်ဇော်မှလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဖာပွန်မြို့နယ်အသင်းအား တစ်ဦးချင်း လည်ဆွဲဆုများနှင့် ငွေသားဆု(၂)သိန်းကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှလည်းကောင်း၊ ဒုတိယဆု ရရှိသည့် သံတောင်ကြီးမြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆုများနှင့် ငွေသားဆု(၃)သိန်းကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှလည်းကောင်း၊ ပထမဆုရရှိသည့် ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်း လည်ဆွဲဆုများ၊ ငွေသားဆု(၅)သိန်းနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားကို ပြည်နယ်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသည့် လှိုင်းဘွဲ့မြို့နယ်အသင်းအား တစ်ဦးချင်း လည်ဆွဲဆုများနှင့် ငွေသားဆု(၂)သိန်းကို ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်မှလည်းကောင်း၊ ဒုတိယဆုရရှိသည့် သံတောင်ကြီးမြို့နယ် အသင်းအား တစ်ဦးချင်း လည်ဆွဲဆုများနှင့် ငွေသားဆု(၃)သိန်းကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်မှလည်းကောင်း၊ ပထမဆုရရှိသည့် ဘားအံမြို့နယ် အသင်းအား တစ်ဦးချင်း လည်ဆွဲဆုများ၊ ငွေသားဆု(၅)သိန်းနှင့် အမျိုးသားတံခွန်စိုက် ဆုဖလားကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

✦








# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

◆ **စစ်ကိုင်း၊ မေလ(၂၄)ရက်နေ့။**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို (၁၃. ၅. ၂၀၂၂) ရက်နေ့မှ (၂၄. ၅. ၂၀၂၂) ရက်နေ့အထိ မုံရွာမြို့၊ တိုင်းဒေသကြီး အားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဗိုလ်လုပွဲစဉ်များအပြီး ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ပထမတံခွန်စိုက်ဆုကို စစ်ကိုင်းခရိုင်မှ လည်းကောင်း၊ ဒုတိယဆုကို ရွှေဘိုခရိုင်မှလည်းကောင်း၊ ပူးတွဲတတိယဆုကို ခန္တီးခရိုင်နှင့် ကန့်ဘလူခရိုင်တို့အားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။







# ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ





# ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက်(၁၉) နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

◆ ဧရာဝတီ၊ မေလ(၂၅)ရက်နေ့။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက်(၁၉) နှစ်နှင့်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကိုပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းတွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ (၆)ခရိုင်အသင်း များ အားကစားဝါသနာရှင်များ တက်ရောက်ကြရာ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပြီး အဖွင့် ပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် ဟင်္သာတခရိုင်အသင်းတို့ ယှဉ်ပြိုင် ကစားမှုအား ကြည့်ရှုအားပေးခဲ့ပါ သည်။







◆ ကချင်၊ မေလ(၂၆)ရက်နေ့။

ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲဆုပေးပွဲ အခမ်း အနားအား ယနေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင်ပြည်နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီး ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ ဆပ် ကော်မတီ နာယကနှင့် အဖွဲ့ဝင်များ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာအကြီးအကဲများ အားကစား နည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါ သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည်(၃)ယောက်တွဲပြိုင်ပွဲ နောက် ဆုံးဗိုလ်လုပွဲဖြစ်သည့် မြစ်ကြီးနား မြို့နယ်နှင့် ပူတာအိုမြို့နယ်တို့၏ ယှဉ်ပြိုင်ကစားမှုအား ကြည့်ရှုအား ပေးပြီး (၃) ယောက်တွဲပြိုင်ပွဲ ပထမ မြစ်ကြီးနား၊ ဒုတိယပူတာအို၊ တတိယ ရွှေကူ၊(၂)ယောက်တွဲပြိုင်ပွဲ ပထမ မြစ်ကြီးနား၊ ဒုတိယ ပူတာအို၊ တတိယ တနိုင်းမြို့နယ်တို့အားလည်း ကောင်း နေရာအလိုက်အကောင်း ဆုံး ဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမား များအား အသီးသီး ပေးအပ်ချီးမြှင့် ခဲ့ကြပါသည်။



# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလွန်

# ပြင်ဆင်ဆောင်ရွက်သွားသင့်သည့် အားကစားလုပ်ငန်းများ

ကိုငွေး (တနောင်)



## ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေများ

ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ (၂) နှစ် (၁) ကြိမ် ပုံမှန်ကျင်းပလျက်ရှိသည့် ဒေသတွင်း အားကစားပြိုင်ပွဲကြီးတွင် ထိုက်သင့်သည့်အောင်မြင်မှုများရရှိစေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းပြီး တစ်နှစ်ကျော်ခန့်ကြိုတင်ပြင်ဆင် စခန်းသွင်း လေ့ကျင့်ဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံအလိုက် ရပ်တည်မှုအဆင့်အနေဖြင့် ပုံမှန်အဆင့် (၇) နေရာမှ အထက်ကို တက်နိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ဝန်ကြီးဌာနအနေဖြင့်ပြိုင်ပွဲမတိုင်မီကတည်းက ဆုတံဆိပ်ရရှိနိုင်မှု မျှော်မှန်းချက်အဖြစ် ရွှေတံဆိပ် (၁၂) ခု၊ ငွေတံဆိပ် (၁၈) ခု၊ ကြေးတံဆိပ် (၃၀) ခု စုစုပေါင်း ဆုတံဆိပ် (၆၀) ခု ရရှိရန် မျှော်မှန်းထားကြောင်း ကြိုတင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ပြိုင်ပွဲအပြီးတွင်လည်း ရွှေတံဆိပ် (၉) ခု၊ ငွေတံဆိပ် (၁၈) ခု၊ ကြေး တံဆိပ် (၃၅) ခု စုစုပေါင်း ဆုတံဆိပ် (၆၂) ခု ရရှိခဲ့သည့်အတွက် ဝန်ကြီးဌာနမှ ကြိုတင်မျှော်မှန်းထားသည့် ဆုတံဆိပ်အတိုင်း ရယူနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ရရှိခဲ့သည့် ဆုတံဆိပ်များအနက် ရွှေတံဆိပ်အရေအတွက်သာ အနည်းငယ်လျော့နည်းခဲ့သော်လည်း ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှုအနေဖြင့် မျှော်မှန်းချက်အတိုင်း ပြည့်မီစွာ ရရှိခဲ့ပါသည်။ ပြိုင်ပွဲထုံးစံအတိုင်း ရွှေမျှော်မှန်းအားကစား နည်းများ ငွေတံဆိပ်ဖြစ်သွားခြင်း၊ ငွေမျှော်မှန်းအားကစားနည်းများ ကြေးတံဆိပ်ဖြစ်သွားခြင်းများကြောင့် မျှော်မှန်းဆုတံဆိပ် အနည်းငယ် အပြောင်းအလဲဖြစ်သွားခြင်းများ ဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေ မျှော်မှန်းထားသည့် ဆုတံဆိပ် အရေအတွက်အတိုင်း ရယူနိုင်ခဲ့ကြသည် ဖြစ်၍ အားလုံး တာဝန်ကျေခဲ့ကြပါသည်။

## ယခုနှစ် SEA Games ပြိုင်ပွဲ၏ ထူးခြားချက်

ယခုနှစ် SEA Games ပြိုင်ပွဲကြီး၏ ထူးခြားချက်တစ်ခုမှာ ပုံမှန် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် အမျိုးသမီး ဘောလုံးအသင်းအနေဖြင့် ယခင်က အစဉ်အလာမရှိခဲ့သည့် ဖိလစ်ပိုင် အမျိုးသမီးဘောလုံးအသင်းအား ရှုံးနိမ့်ပြီး တတိယနေရာကို လက်လွှတ်ခဲ့ရသည့်အတွက် ဘောလုံးချစ်ပရိသတ်များ၏ မကျေမနပ်ရင်ဖွင့်သံများကိုလည်း ကြားသိမြင်တွေ့ခဲ့ရပါသည်။ ၄င်းအပြင် ပြိုင်ပွဲတွင် ဘောလုံး (ကျား၊ မ)၊ ဖူဆယ် (ကျား၊ မ)၊ စစ်တုရင်၊ ဂေါက်သီး၊ ဘော်လီဘောနှင့် E-Sports အားကစားနည်းများအနေဖြင့် ဆုတံဆိပ်များနှင့် ဝေးကွာခဲ့ရပါသည်။

## တာဝန်ရှိသူများ အုပ်ချုပ်စီမံမှုကောင်းမွန်ခြင်းနှင့် အားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင်မှု ရလဒ်

ပြိုင်ပွဲကြီးတစ်ခုလုံးအား သုံးသပ်ရလျှင် အားကစားဌာနမှ တာဝန်ရှိသူများနှင့်မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၏ အုပ်ချုပ်စီမံမှု၊ တွန်းအားပေး ကြပ်မတ်ဆောင်ရွက်မှု၊ ပံ့ပိုးဖြည့်ဆည်းမှု ကောင်းမွန်ခြင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်မှုများကြောင့် အားကစားနည်း (၂၀) မှ ပြိုင်ပွဲဝင်အားကစားသမား (၂၉၃) ဦးအနက် အားကစားသမား (၁၁၆) ဦးမှ ရွှေ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့်အတွက် ပျမ်းမျှအားဖြင့် ပြိုင်ပွဲဝင်အားကစားသမား (၃) ဦးလျှင် (၁) ဦးမှ နိုင်ငံအတွက် ဆုတံဆိပ် (၁) ခု ရယူပေးနိုင်ခဲ့ခြင်းဖြစ်၍ ယခုနှစ် SEA Games ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ တာဝန်ကျေခဲ့ကြပါသည်။



## နည်းလမ်းပေါင်းစုံ ဝိုင်းဝန်းအဖြေရှာ ကြိုးပမ်းကြရန် လိုအပ်ခြင်း

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အတိုင်းအတာတစ်ခု အထိ အောင်မြင်မှုရအောင် ကြိုးပမ်းဆောင်ရွက် နိုင်ခဲ့သလို လာမည့်နိုင်ငံတကာ အားကစားပြိုင်ပွဲ များနှင့် ၂၀၂၃ ခုနှစ်၊ မေလ (၅) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးတွင် ယခုထက် ဆုတံဆိပ်များ ပိုမိုရရှိနိုင် ရေးနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့်(၇) နေရာ မှအထက်သို့တက်လှမ်းနိုင်ရေးအတွက် အားကစား ဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များမှ တာဝန်ရှိသူများအနေဖြင့် နည်း လမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်း အဖြေရှာကြဖို့ လိုအပ်နေပြီဟုလည်း ဆိုချင်ပါသည်။ မည်သည့် ပြိုင်ပွဲ အမျိုးအစားတွင်မဆို ပြိုင်ပွဲပြီးဆုံးပါက အားနည်းချက်၊ အားသာချက်များကိုအပြုသဘော ခြုံငုံသုံးသပ်၍ လာမည့်ပြိုင်ပွဲများအတွက် ပြန် လည်ပြင်ဆင်ရခြင်းမှာလည်း လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်ကိုမမေ့သင့်ပါ။

## ပြိုင်ပွဲတွင် ဆုတံဆိပ် လျော့နည်းရခြင်း အကြောင်းရင်းများ

မြန်မာနိုင်ငံအနေဖြင့် SEA Games ပြိုင်ပွဲ တိုင်းတွင် အားကစားနည်းအလိုက် ဆုတံဆိပ် ရရှိမှု လျော့နည်းခြင်း နှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ပုံမှန်ရပ်တည်နေခြင်း အကြောင်းရင်းများအား ဆန်းစစ်ပါက အောက်ပါ အချက်များအပေါ် သုံးသပ်အဖြေရှာ၍ ရေတို/ ရေရှည်အစီအမံများဖြင့် ပြုပြင် ဆောင်ရွက်သွား ရန် လိုအပ်မည်ဟုလည်း မြင်မိပါသည်-

## အားကစားနည်းအလိုက် မျိုးဆက်သစ် ပေါ်ထွက်မှု အားနည်းခြင်း

မြန်မာ့အားကစားအနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်(၃/၄)ခုလောက်မှစ၍ တဖြည်းဖြည်း ကျဆင်းလာခဲ့ခြင်း ဖြစ်ပါသည်။ ကျဆင်းလာရ သည့်အကြောင်းရင်း များစွာရှိသည့်အနက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှု အားနည်းလာရခြင်းမှာ အဓိက အကြောင်းရင်းဖြစ်ပါသည်။ အထူးသဖြင့်မြန်မာ နိုင်ငံအနေဖြင့် ပြေးခုန်ပစ်နှင့် ရေကူး အားကစား သမား မျိုးဆက်သစ်ပေါ်ထွက်မှု သိသာစွာ နည်း ပါးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ယခုကျင်းပ ပြီးစီးခဲ့သည့် SEA Games ပြိုင်ပွဲတွင် ရေကူး အားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင် ခဲ့ခြင်းမှာ သိသာလှသည့် သာဓကဖြစ်ပြီး ပြေးခုန် ပစ်အားကစားနည်းအနေဖြင့် အင်ပြည့်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခြင်းကြောင့် နိုင်ငံအလိုက် အဆင့် (၇) နေရာမှ အထက်သို့ မတက်နိုင်ရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ခဲ့ ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြေးခုန်ပစ် ပြိုင်ပွဲမှ (ကျား+မ) ပြိုင်ပွဲ (၂) ရပ်ပေါင်း ရွှေ တံဆိပ်(၄၆) ခု ချီးမြှင့်ခြင်းဖြစ်ပြီး ရေကူးပြိုင်ပွဲ တွင်လည်း ဒိုင်ဗင်အားကစားနည်းအပါအဝင် (ကျား+မ) ပြိုင်ပွဲ (၂)ရပ်ပေါင်း အများဆုံး ရွှေတံဆိပ်(၆၀)ကျော်အထိ ချီးမြှင့်ခြင်းဖြစ် သည့်အတွက် အားကစားနည်း (၂) ခုမှ ရွှေ တံဆိပ်(၁၀၀) ကျော် ချီးမြှင့်သော် လည်း မြန်မာနိုင်ငံအနေဖြင့်ရွှေတံဆိပ်(၁)ခု ပင် ရယူနိုင်ခဲ့ခြင်း မရှိသည်ကိုတွေ့ ရပါသည်။ အဆိုပါ အားကစား နည်း (၂) မျိုးမှ ပြိုင်ပွဲဝင် နိုင်ငံ အများစုအနေဖြင့် ဆုတံဆိပ် များ အချိုးကျ ခွဲဝေယူသွားခဲ့ ခြင်းကြောင့် ပြိုင်ပွဲမစတင်မီက တည်းက အဆင့် (၁)မှ အဆင့် (၆)အထိ မြန်မာနိုင်ငံအထက်မှ ရပ်တည်နေသည့်ပြိုင်ဘက်နိုင်ငံများ မှ ရွှေတံဆိပ် (၁၀)ခုအထက်ကို ပြေးခုန် ပစ်နှင့် ရေကူးအားကစားနည်းများမှ အချိုးကျ ခွဲဝေရယူသွားကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပြေးခုန်ပစ်နှင့်ရေကူးအပါအဝင် အားကစားနည်း အလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် လည်း ရေတိုရေရှည်စီမံချက်များ ချမှတ် ဆောင် ရွက်သွားကြရမည်ဖြစ်ပါသည်။ မြန်မာ့အားကစား ရွှေခေတ်ကာလများကို ပြန်ကြည့်ပါက နိုင်ငံ အတွက် ဆုတံဆိပ် အများဆုံး ရယူပေးနိုင်ခဲ့သည့် အားကစားနည်းများတွင် ပြေးခုန်ပစ် အားကစား နည်းအနေဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိနေ သည်ကိုမှတ်တမ်း မှတ်ရာများမှ သက်သေခံလျက် ရှိနေပါသည်။ ၎င်းအပြင် ဘောလုံး၊ ရေကူး၊ သေနတ်ပစ်၊ အလေးမ၊ လက်ဝှေ့ ဘော်လီဘောနှင့် ကျွမ်းဘား အားကစားနည်းများသည်လည်း ရွှေရောင်လွှမ်းခဲ့သည့် အားကစားနည်းများ ဖြစ် ခဲ့ပါသည်။

## အားကစားနှင့်ပညာရေး ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း

အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှု အားနည်းခဲ့ရခြင်းသည် အားကစား နှင့်ပညာရေး ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်မှု



အားနည်းချက်ကြောင့်ဖြစ်ပါသည်။ လူငယ်လူရွယ် အမြောက်အမြား တစ်စုတစ်ဝေးတည်း ရှိနေသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ ကောလိပ်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် P.T ချိန်များတွင် အားကစား လေ့ကျင့်လိုက်စားခွင့် ပြည့်ပြည့်ဝဝမရရှိခြင်း၊ အားကစားနည်းအလိုက်/ မေဂျာအလိုက် ကျောင်းတွင်းအားကစားပြိုင်ပွဲမျ ုား ပြုလုပ်မပေးနိုင်ခြင်း၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ ကောလိပ်များတွင် အားကစားကွင်း/ အားကစားရုံ၊ အားကစား အထောက်အကူပြု ပစ္စည်းများ ပြည့်ပြည့်စုံစုံ ဆောင်ရွက်မပေးနိုင်ခြင်း၊ အားကစားဘာသာရပ်ကို သင်ကြားပေးမည့် P.E ဆရာများ လုံလုံလောက်လောက် ခန့်ထားမပေးနိုင်ခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှသည် ကျောင်းသားအားကစား ပွဲတော်များအထိ ပုံမှန် ကျင်းပ မပေးနိုင်ခြင်းများသည်လည်း အားကစားနည်း အလိုက် မျိုးဆက်သစ် ပေါ်ထွက်ရန် အဓိက အဟန့်အတား/ အားနည်းချက်များ ဖြစ်ပါသည်။ သို့ဖြစ်၍ အားကစားနှင့်ပညာရေး ထိထိမိမိ ပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက် ယခင်က အားကစားနှင့်ပညာရေးပေါင်းစပ်မှုဦးစီး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ကော်မတီအနေဖြင့် ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပညာရေးနှင့် အားကစားဌာနတို့ ပူးပေါင်းပြီး ခိုင်မာသည့် စီမံချက်များ ရေးဆွဲဆောင်ရွက်မှု အားနည်းခဲ့ခြင်းကြောင့် ကောင်းမွန်သည့် ရလဒ်များ ပေါ်ထွက်လာခြင်း မရှိခဲ့ပါ။ အဆိုပါကော်မတီအနေဖြင့်လည်း ပညာရေးဌာနမှ အဓိက တာဝန်ယူပြီး အားကစားဌာနမှ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်၍ အားကစားနှင့်ပညာရေး ထိထိမိမိ ပူးပေါင်းဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လည်း အထူးလိုအပ်နေပြီဖြစ်ပါသည်။ အားကစားနှင့်ပညာရေး ထိထိမိမိ ပူးပေါင်းဆောင်ရွက်နိုင်မှု မရှိ၍ အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှု အားနည်းခြင်း၏ အကျိုးဆက်ကြောင့် (၂) နှစ် (၁) ကြိမ် ပုံမှန်ကျင်းပလျက်ရှိသည့် ဒေသတွင်း အားကစားပြိုင်ပွဲဖြစ်သော SEA Games ပြိုင်ပွဲအပါအဝင် ASEAN University Games နှင့် ASEAN School Games ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုနှင့် အလှမ်းဝေးနေမည်သာ ဖြစ်ပါသည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်သည့် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများကိုလည်း တစ်နှစ်ထက် တစ်နှစ် တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ကျောင်း (၈) ကျောင်းရှိပြီဖြစ်သော်လည်း လက်ရှိဖွင့်လှစ်ဆောင်ရွက်နိုင်သည့် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ လွိုင်ကော်) များတွင် နှစ်စဉ် သင်တန်းသားများ ပုံမှန်ရွေးချယ်ခဲ့သော်လည်း ထူးချွန်သည့် မျိုးဆက်သစ် အားကစားသမား ထွက်ပေါ်လာမှုနည်းပါးနေခြင်းအပေါ် အားကစားနည်းအလိုက် နည်းပြဆရာများ ခန့်အပ် တာဝန်ပေးမှု၊ နည်းပြများအနေဖြင့် သတ်မှတ်နည်းပြ သင်တန်းများ တက်ရောက်ပြီးစီးမှု၊ နည်းပြ အရည်အချင်းပြည့်ဝမှု၊ စေတနာထားဆောင်ရွက်မှုနှင့် အားကစားသမား အင်အားဖောင်းပွမှု စသည့် အခြေအနေများကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်လှပေသည်။ လက်ရှိ အခြေအနေတွင် နိုင်ငံရေး၊ စီးပွားရေးအခြေအနေအရ ပြင်ပလောကမှ မျိုးဆက်သစ်ထွက်ပေါ်မှု ခက်ခဲနိုင်သည့်အတွက် အားကစားနှင့်ပညာရေး ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုအလေးထား ဆောင်ရွက်သွားကြရန် များစွာ လိုအပ်လျက်ရှိကြောင်း အကြံပြုလိုပါသည်။

## လူထုအားကစား လှုပ်ရှားမှုများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရေး

လက်ရှိအနေအထားအရ ယခင်တုန်းကကဲ့သို့ လူထုအားကစား လှုပ်ရှားမှုများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ခြင်း မရှိသည်ကို မြင်တွေ့နေရပါသည်။ ယခင်ဒီဇင်ဘာ လူထုအားကစားလဆိုလျှင် တစ်နိုင်ငံလုံး စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပခြင်းနှင့် လမ်းလျှောက်ပွဲများ ကျင်းပပြီးလျှင် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပကြသည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့ ကဲ့သို့သော နေ့ကြီးရက်ကြီးများ အပါအဝင် ပြည်နယ်အသီးသီးတွင်လည်း သက်ဆိုင်ရာပြည်နယ်နေ့များကဲ့သို့ နေ့ကြီးရက်ကြီးများတွင် မြို့တိုင်း၊ နယ်တိုင်း ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။ ထို့အပြင် ဒေသအလိုက် အများပြည်သူများ စိတ်ဝင်စားသည့် အားကစားနည်းများအား ဒေသအလိုက်ဖိတ်ခေါ် အားကစားပြိုင်ပွဲများ အဖြစ် မြန်မာပြည်အနှံ့အပြားတွင် ကျင်းပခဲ့ကြပါသည်။ မှတ်မိသမျှ တင်ပြရလျှင် မန္တလေးတိုင်း၊ ပျဉ်းမနားမြို့တွင် ပေါင်းလောင်း ဒိုင်း၊ မိတ္ထီလာမြို့တွင် ထီလာမောင်ဖလား၊ ကူမဲမြို့တွင် မိုးအောက်မြေပြင်ဖိတ်ခေါ် ဖလား၊ မန္တလေးမြို့တွင် ဗထူးကွင်းဖွင့်ဖလား၊ ရတနာပုံဖလား၊ ပျော်ဘွယ်မြို့တွင် ရွှေစင်ရုပ်ထုဖလား၊ မြင်းခြံမြို့တွင် မြေလတ်ဖလား၊ ကျောက်ဆည်မြို့တွင် ရွှေကုန်သည်ကြီးများဒိုင်း ပြိုင်ပွဲများ ကျင်းပခဲ့ပြီး မကွေးတိုင်း၊ ချောက်မြို့တွင်လည်း သခင်ဖိုးလှကြီးဖလား၊ ပခုက္ကူမြို့တွင် မြေလတ်ဇရာဖလား၊ ရေနံချောင်းမြို့တွင် ရေနံသာဖလား၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့တွင် ရွှေမင်းဝံဖလား၊ ရွှေဘိုမြို့တွင် အောင်ဇေယျဒိုင်း ပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြပါသည်။ အဆိုပါပြိုင်ပွဲများအား အားကစားဝါသနာပါသည့် မြို့မိမြို့ဖများ၊ အားကစားဝါသနာရှင်များ၊ အလှူရှင်များနှင့် အားကစားဆပ်ကော်မတီများ ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းပြိုင်ပွဲများသည် ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် လူငယ်လူရွယ်များအနေဖြင့်လည်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားလိုသည့် လူငယ်များ များပြားလာသည့်အတွက် မလိုလားအပ်သည့်ဘက်သို့ ရောက်ရှိမှုများ ကင်းဝေးစေခဲ့ပါသည်။ အဆိုပါပြိုင်ပွဲများ ပျောက်ကွယ်သွားသည်မှာ ဆယ်စုနှစ်

(၂/၃) ခုခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ အဆိုပါ ပြိုင်ပွဲများကိုလည်း ပြန်ပြီး အသက်သွင်းရန် လိုအပ်ပါသည်။ ၎င်းအပြင် ယခင်ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများအနေဖြင့်လည်း ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပါသည်။ ယခင်ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပချိန်တွင် ဝန်ကြီးဌာနအသီးသီး၏ အားကစား တာဝန်ရှိသူများမှ အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုအားပေးပြီး အပြိုင်အဆိုင်လူရွေးချယ်ခြင်း၊ ထူးချွန်သည့် အားကစားသမားများအား အလုအယက်ခေါ်ယူပြီး မိမိတို့ ဝန်ကြီးဌာနများတွင် အလုပ်ခန့်ထားခြင်း၊ အားကစားသမားများကို ဝန်ကြီးဌာနအလိုက် အပြိုင်အဆိုင် စခန်းသွင်း၍ ဝန်ကြီးဌာန ပေါင်းစုံပြိုင်ပွဲများတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပါသဖြင့် အားပေးသည့် ပရိသတ်များလည်း လွန်စွာများပြားခဲ့ပါသည်။ ၎င်းပြိုင်ပွဲများမှ မြန်မာ့လက်ရွေးစင် အများအပြား ပေါ်ထွက်လာခဲ့ပါသည်။ ယနေ့ချိန်တွင် ဝန်ကြီးဌာနများမှ ခန့်ထားပြီးသား အားကစားသမား ဝန်ထမ်းများကို အားကစားဌာနသို့ ပြန်လည်လက်ခံပေးရန် တောင်းဆိုမှုများ ရှိလာပါသည်။ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ တစ်ခုလုပ်လျှင် အသင်း (၆/၇) သင်းခန့်သာ ယှဉ်ပြိုင်ကြသည်ကို တွေ့ရခြင်းအားဖြင့် ဝန်ကြီးဌာနများ အနေဖြင့် ယခင်ကကဲ့သို့ အားကစားကို အားပေးဆောင်ရွက်ခြင်း မရှိသည်ကို သိသာစွာမြင်တွေ့နိုင်ပါသည်။ ထိုအချက်ကလည်း အားကစား မျိုးဆက်သစ် ပေါ်ထွက်မှု ကျဆင်းရခြင်း၏ အဓိက အချက်တစ်ချက် ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များအနေဖြင့်လည်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၊ တံခွန်စိုက်ဖလား အားကစားပြိုင်ပွဲများကို ယခင်ကကဲ့သို့ နှစ်စဉ်ပုံမှန် ပြန်လည်ကျင်းပပေးရန် လိုအပ်ပါသည်။ အဓိကတင်ပြလိုသည်မှာ ယခင်က အားကစား လှုပ်ရှားဆောင်ရွက်မှုများသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်နှစ်ပတ်လုံး လူထုအားကစား လှုပ်ရှားမှု အသွင် ကျင်းပဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည့် အတွက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်ပြီး မြန်မာ့အားကစားသည်လည်း အရှေ့တောင်အာရှအဆင့် သာမက အာရှအဆင့်သို့ကျော်လွန်ပြီး အိုလံပစ်အဆင့်ထိ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ လူထုအားကစား လှုပ်ရှားမှုများအား ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ အမြို့မြို့အနယ်နယ်တွင်ရှိကြသည့် အားကစားဝါသနာရှင် မြို့မိမြို့ဖများ၊ အလှူရှင်များအားလုံး အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုပါသည်။

### အားကစား ဖွံ့ဖြိုးတိုးတက်သည့် ပြည်ပနိုင်ငံများမှ အဆင့်မီ ကျွမ်းကျင်နည်းပြများ ငှားရမ်းလေ့ကျင့်ရေး

အားကစားနည်းအလိုက်စခန်းသွင်း လေ့ကျင့်သွားမည့် မြန်မာ့လက်ရွေးစင်နှင့် ပဏာမ လက်ရွေးစင် အားကစားသမားများအား ပြည်ပနိုင်ငံများမှ အဆင့်မီ ကျွမ်းကျင်နည်းပြများ ကာလရှည်ငှားရမ်း၍ အတွေ့အကြုံရှိ မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြများဖြင့် ပူးတွဲ လေ့ကျင့်ပေးမှုသာ နည်းစနစ်များ၊ နည်းဥပဒေများ၊ နည်းဗျူဟာများ ပိုမိုကျွမ်းကျင်လာပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်၍ အားကစားနည်းအလိုက်အဆင့်မီ နည်းပြများငှားရမ်းလေ့ကျင့်နိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန် လိုအပ်မည်ဟု မြင်မိပါသည်။



### အားကစားနည်းအလိုက် တိုးတက်သည့် နိုင်ငံများသို့ ကာလတို/ကာလရှည် ပူးတွဲလေ့ကျင့်သည့် အစီအစဉ်များ စေလွှတ်ဆောင်ရွက်ရေး

ယနေ့ခေတ် နိုင်ငံတကာ အားကစားပြိုင်ပွဲများကိုလေ့လာကြည့်ပါက နည်းစနစ်၊ နည်းဗျူဟာများ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာနေသည်ကို တွေ့ရှိရသည့်အတွက် SEA Games ပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ဖူးသည့် အတွေ့အကြုံရှိ လက်ရွေးစင် အားကစားသမားများကိုအားကစားနည်းအလိုက် တိုးတက်သည့် နိုင်ငံများသို့ ကာလတို Joint Training စေလွှတ်လေ့ကျင့်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အားကစားနည်းအလိုက် အလားအလာရှိသည့် မျိုးဆက်သစ်လူငယ်များအားလည်း အားကစားဖွံ့ဖြိုးတိုးတက်ရေး ရေရှည်အစီအမံအဖြစ် ကာလရှည် စေလွှတ်လေ့ကျင့်နိုင်ရေး စီမံဆောင်ရွက်သွားရန်လည်း လိုအပ်နေပြီ ဖြစ်ပါသည်။

### အားကစားနည်းအလိုက် နည်းပြများအား အဆင့်မြှင့်တင်ရေး အစီအမံများ ပြုလုပ်ရေး

အားကစားတိုးတက်သည့် နိုင်ငံများအား လေ့လာကြည့်ပါက အားကစားနည်းအလိုက် နည်းပြများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် နည်းစနစ်များ၊ နည်းဥပဒေများ၊ နည်းဗျူဟာများအား ခေတ်မီအားကစား အထောက်အကူပြုပစ္စည်း (Sports Equipment) များ ပြောင်းလဲ အသုံးပြုရေး၊ Sports Science ပညာရပ်များနှင့်အညီ လေ့ကျင့်မှုပုံစံများ၊ ထိရောက်သည့် Training Programme များ ရေးဆွဲ လေ့ကျင့်နိုင်ရေး စသည့်အချက်များသည် လွန်စွာအရေးပါသဖြင့် အားကစားနည်းပြများ၏ အရည်အသွေး မြှင့်တင်ပေးရေး လုပ်ငန်းများကိုလည်း မျက်ခြေမပြတ် သုံးသပ်ဆောင်ရွက်သွားသင့်ပါသည်။ အားကစားနည်းအလိုက် နည်းပြအရည်အချင်းနှင့်ပတ်သက်သည့် ပြည်တွင်း/ပြည်ပ နည်းပြသင်တန်းများသို့ စဉ်ဆက်မပြတ် တက်ရောက်နိုင်စေရေးကိုလည်း စီမံဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံမှ လက်ရွေးစင်ဟောင်း နည်းပြအများစု အနေဖြင့် အတွေ့အကြုံအရ နည်းပြ တာဝန်ထမ်းဆောင်ရာတွင် ကျွမ်းကျင်မှုများ ရှိကြသော်လည်း ခေတ်နှင့်အညီ တိုးတက်လာသည့် နည်းစနစ်များ



အား သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံတကာသင်တန်းများသို့ စေလွှတ် တက်ရောက်စေရာတွင် အများစုမှာ ဘာသာစကား အခက်အခဲရှိနေသဖြင့် ပြည်ပမှ နည်းပြများ ဖိတ်ကြား၍ ကျွမ်းကျင်စကားပြန်များဖြင့် အားကစားနည်းအလိုက် နည်းပြမွမ်းမံသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေးကိုလည်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်သွားရန်မှာလည်း မဖြစ်မနေ ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်သည်ကိုသတိပြုသင့်ကြောင်း အကြံပြုလိုပါသည်။

## မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များအနေဖြင့် မိမိတို့ အားကစားနည်း အောင်မြင်တိုးတက်စေရေးအတွက် ထဲထဲဝင်ဝင် ဆောင်ရွက်သည့် အဖွဲ့ချုပ်များ နည်းပါးလာခြင်းနှင့် ထောက်ပံ့ပေးနိုင်မှု အားနည်းလာခြင်း

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ တာဝန်များအား ယခင်က ဝန်ကြီးဌာနအသီးသီးမှ အရာရှိကြီးများအား တာဝန်ပေးအပ် ဆောင်ရွက်စေခဲ့ပါသည်။ နောက်ပိုင်းတွင် အားကစား အောင်မြင်တိုးတက်စေရေး လုပ်ငန်းများသည် ငွေရေး၊ ကြေးရေး စိုက်ထုတ်သုံးစွဲရသည့် လုပ်ငန်းများဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများအား အဖွဲ့ချုပ်ဥက္ကဋ္ဌများအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ပြီး နိုင်ငံတော်မှ ပြည့်ပြည့်ဝဝ ပံ့ပိုးမပေးနိုင်သည့် လုပ်ငန်းကိစ္စရပ်များ၊ သက်ဆိုင်ရာ အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်စေခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများမှာ မျိုးဆက်သစ်များ ရှာဖွေဖော်ထုတ်ရေး၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ကျင်းပရေး၊ တိုးတက်သည့် နိုင်ငံများသို့ အဖွဲ့ချုပ်လက်ရွေးစင်များ၊ ပဏာမလက်ရွေးစင်များနှင့် လူငယ်လက်ရွေးစင်များအား ကာလတို/ကာလရှည် စေလွှတ်လေ့ကျင့်ရေး၊ နိုင်ငံတကာမှ အဆင့်မီ နည်းပြများ ငှားရမ်းလေ့ကျင့်ရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်ရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး၊ မိမိတို့အားကစားနည်း အလိုက် နိုင်ငံတကာအဆင့်မီ ဒိုင်/ဂျူရီများ မွေးထုတ်ပေးရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိရေးအတွက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီသို့ အားကစားအဖွဲ့ချုပ်အလိုက် ဆောင်ရွက်မည့် စီမံချက်များ ရေးဆွဲတင်ပြရေး၊ အဖွဲ့ချုပ်အလိုက် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့်မြန်မာ့လက်ရွေးစင်၊ ပဏာမလက်ရွေးစင်များ၊ လူငယ်လက်ရွေးစင်များ၏ လူမှုရေးလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး၊ အားကစားသမားများ၏ လေ့ကျင့်ချိန်၊ စားသောက်ချိန်၊ အိပ်ချိန်မှန်ကန်ရေး၊ အားကစားအရည်အချင်း တိုးတက်ရေး၊ စည်းကမ်း ကောင်းမွန်ရေး စသည့် လုပ်ငန်းများအား ပြည့်ပြည့် ဝဝတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သော်လည်း လက်ရှိအနေအထားအရ အဖွဲ့ချုပ်အများစု အနေဖြင့် လုပ်ငန်းတာဝန်များအပေါ် ထဲထဲဝင်ဝင်ဆောင်ရွက်မှု နည်းပါးလာခြင်း၊ အားကစား တိုးတက်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မှု အားနည်းလာခြင်းများကိုလည်း ကြားသိမြင်တွေ့နေရသဖြင့် အဖွဲ့ချုပ်များ၏ လုပ်ငန်း တာဝန်ထမ်းဆောင်မှုအပိုင်းများ ပိုမိုသက်ဝင်လှုပ်ရှားလာစေရေးအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ထိန်းကျောင်းတည့်မတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ တိုက်တွန်းအားပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီအနေဖြင့်(၃)လ(၁)ကြိမ်ခန့် အားကစားအဖွဲ့ချုပ်များနှင့် ပုံမှန်အစည်းအဝေး ပြုလုပ်ပြီး အဖွဲ့ချုပ်များ၏ လုပ်ငန်းဆောင်ရွက်ချက်၊ တင်ပြချက်များအပေါ် သုံးသပ်ဆောင်ရွက်သင့်ပါသည်။ ထဲထဲဝင်ဝင် လိုက်ပါဆောင်ရွက်နိုင်မှု အားနည်းသည့် အားကစားအဖွဲ့ချုပ်များအား အမှန်တကယ် စေတနာထား ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုး လဲလှယ်တာဝန်ပေးသင့်နေပြီဟု သုံးသပ်မိပါသည်။ မိမိ တာဝန်ယူထားသည့် အားကစားအဖွဲ့ချုပ် တိုးတက်ရာတိုးတက်ကြောင်း ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်ခြင်း မရှိပါကလည်း အမှန်



တကယ်တာဝန်ထမ်းဆောင်နိုင်မည့်ပုဂ္ဂိုလ်များထံ အမျိုးသားရေးအသိဖြင့် လွှဲပြောင်းတာဝန် ပေးအပ်စေသင့်သည်ဟုလည်း အကြံပြုလိုပါသည်။

## အားကစားကွင်း/ အားကစားရုံများ၊ အားကစား အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်း ပံ့ပိုးပေးရေး

အားကစား တိုးတက်ရေးအတွက် အဓိက လိုအပ်ချက်တစ်ခုဖြစ်သည့် အားကစားကွင်း/ အားကစားရုံများအား ရပ်ကွက်/ကျေးရွာအဆင့်မှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်မှသည် ဗဟိုအဆင့်အထိ သူ့အဆင့်နှင့်လျော်ညီသည့် အားကစားကွင်း/ အားကစားရုံများ ပြည့်ပြည့်စုံစုံရှိနေရန် လိုအပ်ပါသည်။ အလားတူ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်း အားကစားကွင်း/အားကစားရုံများ ရှိနေရန် လိုအပ်ပါသည်။ အားကစားကွင်း/အားကစားရုံများ မရှိဘဲ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်၍ မရသည့်အတွက် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ကျေးရွာများမှစ၍ ရပ်ကွက်/ကျေးရွာအဆင့်နှင့်လျော်ညီသည့် အားကစားကွင်း/အားကစားရုံများ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ လက်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် "အားကစား မြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို တိုးတက်စေကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် အားကစားကွင်း/အားကစားရုံများ အဆင့်မီမီရှိရေး ဆောင်ရွက်ပေးနေကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး ကိုလည်းဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့်ပတ်သက်ပြီး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစား ကဏ္ဍတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားသည်နိုင်ငံတော်အတွက် အားပေး ဆောင်ရွက်သွားကြရမည့်ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားကဏ္ဍ တိုးတက်စေရေး အားပေးခြင်းများ ဆောင်ရွက်၍ မြန်မာ့အားကစား ကဏ္ဍ တစ်ခေတ်ဆန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ SEA Games ပြိုင်ပွဲများတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး အားပေးဆောင်ရွက်သွားရန်" စသည့် လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပါသည်။ ၎င်းအပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း အားကစားကွင်း/အားကစားရုံများ အသစ်တည်ဆောက်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပွဲကြည့်စင်များ အဆင့်မြှင့်တင် တိုးချဲ့ခြင်း၊ ရေကူးကန်များ တည်ဆောက်ပေးခြင်း၊ Synthetic ရော်ဘာ ပြေးလမ်းများ ခင်းပေးခြင်း၊ အားကစားဥယျာဉ်များ တည်ဆောက်ပေးခြင်းတို့အား ဘဏ္ဍာရေး နှစ်အလိုက် လျာထား စီမံဆောင်ရွက်ပေးလျက်ရှိရာ အားကစားလောကအတွက် အားတက်ဖွယ်ဖြစ်သည်ကိုလည်း ကြားသိနေရပါသည်။ အားကစားဆိုင်ရာ အခြေခံ အဆောက်အဦး လိုအပ်ချက်များ ပြည့်စုံလာသည်နှင့်အမျှ အားကစားတိုးတက်ရေး အတွက် ထိရောက်သည့်ရေတို/ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ကြောင်းလည်း အကြံပြုလိုပါသည်။

## အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အချိန်အခါ ဖြစ်ခြင်း

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ပေါင်းများစွာ ရှိနေသော်လည်း နိုင်ငံတော်အဆင့်မှ တိကျသည့် မူဝါဒများ ချမှတ်ပေးရန်လိုအပ်သည့် ကိစ္စရပ်များအား တင်ပြ ဆောင်ရွက်ခြင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အတွက် လူထုအားကစားလှုပ်ရှားမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ အခါကြီး/ရက်ကြီးများတွင် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပရေး၊ ဒေသအလိုက် ဖိတ်ခေါ် အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ယခင်ကဲ့သို့ပြိုင်ဆိုင်မှု ပြင်းထန်သည့်ပြိုင်ပွဲများဖြစ်ပေါ် လာစေရေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရေး စသည့်ကိစ္စရပ်များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရေး၊ အားကစားနှင့်ပညာရေး ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ ဆောင်ရွက်ချက်များအပေါ် ကြီးကြပ်ထိန်းကျောင်း ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ တွန်းအားပေး ကြပ်မတ်ခြင်းများ ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေး အတွက်ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနများနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း များ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမြဲမပြတ် သုံးသပ်လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ပေးရေး ကိစ္စရပ်များအား အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်သည့် အချိန်အခါသို့ ရောက်ရှိနေပြီ ဖြစ်သည်ဟု အကြံပြုတိုက်တွန်းအပ်ပါကြောင်း--။






# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ၂၀၂၂ ခုနှစ်၊ နွေရာသီ အခြေခံရေကူးသင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်






◆ နေပြည်တော်၊ မေလ(၂၇)ရက်နေ့။

နွေရာသီ ကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များ အခြေခံ အားကစားနည်းများကို လေ့လာလိုက်စားပြီး အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေး မြင့်မားသည့် အားကစားမောင်/မယ်များ ထွက်ပေါ်လာစေ ရေးကို ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ နွေရာသီ အခြေခံ ရေကူးသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်(၈း၀၀) နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဦးနှင့် ဦးကျော်ဆန်းဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်မှ သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် မျိုးဆက်သစ် ရေကူး အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အရေးကြုံက သက်လုံကောင်းစေရန် ရည်ရွယ်၍ ဤသင်တန်းကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေကူးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေရန် အတွက်ပညာရေးဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် အခြေခံပညာ ကျောင်းများ၌ အားကစားသင်တန်းများ၊ ပြိုင်ပွဲများကို ဦးစီးဌာနနှင့်ပေါင်းစပ်၍ ကျောင်း











အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် တက်ရောက်ခဲ့ကြသော သင်တန်းသား/ကျောင်းသား/ကျောင်းသူများ ရေကူးခြင်းကို အရှိန်အဟုန်မြင့် လေ့ကျင့်သွားနိုင်ရန်အတွက် ဝဏ္ဏသိဒ္ဓိရေကူးအသင်းကိုပါ ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်(၉)ခု၊ ငွေတံဆိပ်(၁၈)ခု၊ ကြေးတံဆိပ်(၃၅)ခု၊ စုစုပေါင်း ဆုတံဆိပ်(၆၂)ခု နှင့်နိုင်ငံအလိုက်အဆင့်ရပ်တည်မှု (၇)ရရှိခဲ့ပါကြောင်း၊ ယခုလိုအောင်မြင်မှု ဆုတံဆိပ်များ ကိုရရှိခဲ့ကြသော မြန်မာ့လက်ရွေးစင် အားကစားသမားများသည်လည်း မောင်/မယ် တို့လို ကျောင်းသားဘဝကနေ အားကစားကို စိတ်ပါဝင်စားပြီး နွေရာသီအခြေခံ အားကစားသင်တန်းများမှတစ်ဆင့် အဆင့်မြင့်သင်တန်းများသို့ဆက်လက်သင်ယူလေ့လာခြင်းဖြင့် အောင်မြင်မှုများ ရရှိကာ နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခံကြရခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိဘအုပ်ထိန်းသူများအနေနှင့် မိမိတို့၏ ရင်သွေးငယ်များကို နိုင်ငံတော်အတွက် တန်ဖိုးရှိသော လူတော်/လူကောင်းများ ဖြစ်လာစေရန် အားကစား သင်တန်းများတွင် တက်ရောက်သင်ကြားနိုင်စေရေးကို အားပေးတိုက်တွန်းပေးစေလိုပါကြောင်း၊ ယခုသင်တန်းတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများကို အသင်းဝင် (Member Card)များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ရေကူးအားကစားနည်းကို စိတ်ပါဝင်စားသူများအတွက် ဝဏ္ဏသိဒ္ဓိ ရေကူးအသင်းတွင်(၁)လလျှင်(၃၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် အသင်းဝင် (Member Card) များ ပြုလုပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒုတိယအကြိမ် အခြေခံရေကူး သင်တန်းကိုမကြာမီ ဆက်လက် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ယင်းနောက် (၁/၂၀၂၂) နွေရာသီအခြေခံရေကူးသင်တန်း အသက်(၁၂)နှစ်အောက် ရေကူးပြိုင်ပွဲတွင်ပထမ၊ ဒုတိယနှင့်တတိယ ဆုရရှိကြသူများကိုဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှလည်းကောင်း၊ အသက်(၁၂)နှစ်အထက် ရေကူးပြိုင်ပွဲတွင်ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ လည်းကောင်း၊ အသက်(၁၆)နှစ် အထက်ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆု ရရှိကြသူများ ကိုညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှလည်းကောင်း ဂုဏ်ပြုဆုငွေများ ကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား/သင်တန်းသူများ ကိုယ်စား သင်တန်းသား/ သင်တန်းသူ(၂)ဦးမှ လက်ခံရယူခဲ့ကြောင်း သတင်းရရှိပါသည်။

✦

စာမျက်နှာ(၅၈) မှအဆက်

အာဆီယံလူငယ် စကားဝိုင်း ၂၀၂၂ တွင် ပါဝင်ယှဉ်ပြိုင်ခြင်းအားဖြင့် မိမိတို့၏ အတွေ့အကြုံသဘောထားအမြင်များကို ဖလှယ်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း၊ မြန်မာလူငယ် ကိုယ်စားလှယ်များအနေဖြင့် ပြိုင်ပွဲတွင် သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့် အညီ မိမိတို့၏ အဆိုပြုချက်၊ ချေပချက်များကို အချက်အလက် အကိုးအကားဖြင့် ခိုင်ခိုင်မာမာ တင်ပြသွားနိုင်ရေး ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲနှင့်ပတ်သက် ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က "နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်ရေး အထူးကြိုးစားဆောင်ရွက်ကြရန်" လမ်းညွှန် မှာကြားထားသည့်အတွက် လူငယ်ကိုယ်စားလှယ်များအနေဖြင့်နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက် သွားကြရန်နှင့် အာဆီယံလူငယ် စကားဝိုင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်း လင်း မေးမြန်း ဆွေးနွေးသွားကြရန် ပြော ကြားပါသည်။



ဆက်လက်၍လူငယ်ရေးရာဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက အာဆီယံ လူငယ်စကားဝိုင်းတွင် ကိုးကားပြောဆိုနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် အာဆီယံလူငယ်ရေးရာ လုပ်ငန်းစဉ်များနှင့် အာဆီယံလူငယ် စကားဝိုင်း ၂၀၂၂ ပြိုင်ပွဲနှင့် ပတ်သက်၍ လူငယ်ကိုယ်စားလှယ်များ အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များနှင့် စကားဝိုင်း၏ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်း တင်ပြဆွေးနွေးခဲ့ပါသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ လူငယ်ကိုယ်စားလှယ်များက သိရှိလိုသည်များကို အသေးစိတ်ဆွေးနွေးမေးမြန်းကြပြီး အခမ်းအနား အား(၁၂း၃၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

ယနေ့ ကျင်းပပြုလုပ်သော အာဆီယံ လူငယ်စကားဝိုင်း အကြိုရှင်းလင်းခြင်း အခမ်းအနားကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ခေတ္တ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများမှ လူငယ် ကိုယ်စားလှယ်(၁၉)ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

✦

စာမျက်နှာ(၇၁) မှအဆက်



စဉ်များ၊ နည်းစနစ်/နည်းပညာများ၊ ပြိုင်ပွဲလုပ်ငန်းစဉ်များ၊ စည်းကမ်းများနှင့်ပြစ်ဒဏ်များအား သိရှိစေရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားနည်း သင်တန်းအမှတ်စဉ်(၁/၂၀၂၂)ကို ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သေနတ်ပစ်အားကစားနည်းသည် တပ်မတော်သားများနှင့် ပိုမိုရင်းနှီးသည့် အားကစားနည်း ဖြစ်သည့်အတွက် နိုင်ငံ့ကိုယ်စားပြုအဖြစ် အိုလံပစ်အားကစားပြိုင်ပွဲများ၊ အာရှအားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူအများစုတွင် တပ်မတော်သားများ ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မြန်မာ့အားကစားလောက ကမ္ဘာတွင် ပြန်လည်ဦးမော့လာစေရန်အတွက် အားကစားနည်းများဖြင့် ပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်ရန် လိုအပ်ကြောင်း၊ နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သော စိတ်ဓာတ်ဖြင့် ပြိုင်ပွဲများတွင် ကြိုးစားယှဉ်ပြိုင်ခြင်းဖြင့် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အရည်အချင်းကို ပြသကြစေလိုကြောင်း၊ အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားကစားသမားများ ကြိုးစားချင်စိတ်အနိုင်မခံ အရှုံးမပေး လိုသော ဖွဲ့စိတ်ဓာတ်များ ပေါ်ထွက်လာစေရန် အတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်လာအောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်နည်းစနစ်များ ပြန့်ပွားစေပြီး မျိုးဆက်သစ် အားကစားသမားများနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြပါလို့ တိုက်တွန်းမှာကြားခဲ့ပြီးနောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ သင်တန်းနည်းပြများနှင့် တပ်မတော်သား စစ်သည်သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။









စာမျက်နှာ(၇၂) မှအဆက်



ကျင်းပပေးရခြင်း ဖြစ်ကြောင်း၊ လက်ဝှေ့အားကစားနည်းသည် ဖွဲ့သတ္တိကို အခြေခံပြီး ကိုယ်စိတ်နှစ်ပါး ကြံ့ခိုင်မှု၊ ခံနိုင်ရည်ရှိမှုနှင့် နည်းစနစ် မှန်ကန်မှုတို့ကို အဓိကထား ပေါင်းစပ်ယှဉ်ပြိုင်ရသည့် အားကစားနည်း ဖြစ်သည့်အတွက် တက်ကြွရဲရင့်ပြီး တိုက်ရည်ခိုက်ရည်ကို မြတ်နိုးခုံမင်ကြသည့် မြန်မာလူငယ်များ၊ တိုင်းပြည်နှင့် လူမျိုးဂုဏ်ကိုမြှင့်တင်ပြီး မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ပြသနိုင်သည့် အားကစားနည်း ဖြစ်ကြောင်း၊ မြန်မာ့လက်ဝှေ့ အားကစားအဆင့်အတန်း ယခုထက် ပိုမိုတိုးတက်မြင့်မားပြီး အောင်မြင်မှုများရရှိလာအောင် ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်း ဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်း ပြောကြားလိုကြောင်း၊ ပြိုင်ပွဲတွင် တရားသော ယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရရှိအောင် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံးကြိုးစား၍ ပါဝင် ယှဉ်ပြိုင်ကြရန် လိုကြောင်း၊ မိမိတို့၏ အရည်အချင်း၊ အစွမ်းအစများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားသမားကောင်းများ ပီသစွာဖြင့်သတ်မှတ်ထားသော စည်းမျဉ်း/ စည်းကမ်းများကို လေးစားလိုက်နာကြဖို့လိုကြောင်း၊ မျိုးဆက်သစ်လူငယ် လက်ဝှေ့အားကစားသမားကောင်းများ ဖြစ်လာအောင်ကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားပြီး လက်ဝှေ့ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပြီးနောက် ပြိုင်ပွဲဝင် အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး





ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့မှ ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့ပြီးနောက် ယနေ့ပြိုင်ပွဲပွဲစဉ်အဖြစ် အမျိုးသား(၅၆)ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ စောအတစ်နှင့် ရှမ်းပြည်နယ်အသင်းမှ ရှိုင်းငယ်တို့၏ ယှဉ်ပြိုင်ကစားနေမှုအား လည်းကောင်း၊ အမျိုးသား(၆၀)ကီလိုတန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ နုတ်မာရ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စောဘွယ်ကလိုတို့၏ ယှဉ်ပြိုင်ကစားနေမှုအား လည်းကောင်း၊ အမျိုးသမီး(၄၈)ကီလိုတန်း ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ သင်းသင်းခိုင်နှင့်တနင်္သာရီတိုင်းဒေသကြီး အသင်းမှ အေးအေးပြည့်တို့၏ ယှဉ်ပြိုင်ကစားနေမှုတို့ အားလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း(Gold Camp)ရှိ(Multi-purpose Hall)၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်နှင့်တပ်မတော်သေနတ်ပစ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားနည်းသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်များနှင့် ကင်းကွာနေသော သေနတ်ပစ် အားကစားသမားများအား အပြည်ပြည်ဆိုင်ရာ ပစ်ခတ်

စာမျက်နှာ(၇၀)သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်၊ ၂၀၂၂ ခုနှစ်ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဆေးနတ်ပစ်အားကစားနည်းသင်တန်းအမှတ်စဉ် (၁/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကျင်းပ



◆ နေပြည်တော်၊ မေလ(၃၀)ရက်နေ့။

၂၀၂၂ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၀၉း၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နေပြည်တော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ဦးရွှေကြိမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဦးစောထွန်းအောင်မြင့်နှင့်ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစန်းလွင်၊ ဦးမြင့်စိုး၊ ဦးမျိုးလှိုင်နှင့် ဦးဇော်အေးမောင်တို့ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားရာတွင်တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ဒေသအသီးသီးရှိတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ၊ လူငယ်/လူရွယ်များ လက်ဝှေ့အားကစားနည်းကို ပိုမို စိတ်ပါဝင်စားလာစေပြီး လက်ဝှေ့အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိတ်ဓာတ်၊ စွမ်းရည်၊ သတ္တိနှင့်ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြု သွေးသစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး

စာမျက်နှာ(၇၁)သို့